မြန်မာ့အလင်း

၁၂၇၃ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ်(၂၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီတွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ရှိ Royal Dusit Grand Ballroom(B)၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။ **(အောက်ပုံ)**

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် သီးသန့်အစည်းအဝေးကျင်းပမည့် Dusit Thani Hotel သို့ ရောက်ရှိကြရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ *

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
(၁၂)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးနှင့် (၇)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၂၄ ရက် မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ရှိ Royal Dusit Grand Ballroom(A)၌ ကျင်းပသော (၁၂)ကြိမ်မြောက် အာဆီယံ+၃ထိပ်သီးအစည်းအဝေးနှင့် (၇)ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေးများသို့ တက်ရောက်သည်။

တက်ရောက်

အာဆီယံ+၃ ထိပ်သီးအစည်းအဝေးသို့ အာဆီယံနိုင်ငံခေါင်းဆောင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ခုနှစ် အောက်တိုဘာ ၂၈ ရက်)

နိုင်ငံတစ်ဝန်း ဆည်တမံများတိုးမြှင့်တည်ဆောက် ဒေသခံတိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဘက်စုံ ထောင့်စုံမှ ဖော်ဆောင်ပေးလျက်ရှိရာတွင် စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံများ၊ ရေလှောင်တမံများ၊ ရေထိန်းတံခါးများကို တည်ဆောက်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ဘုရားကုန်းကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ပြီးစီးသည့် ဘုရားကုန်းရေလှောင်တမံကို အောက်တိုဘာလ ၂၁ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။

ဘုရားကုန်းရေလှောင်တမံသည် တောင်ကြီးမြို့မှ ခြောက်မိုင်အကွာရှိ ညီမီးကျေးရွာတွင်တည်ရှိပြီး ထူးခြားချက်သည် ရှမ်းရိုးမတောင်တန်း ပတ်လည်ဝိုင်းရံနေသော တောင်များကိုဖဟိုပြု၍ တည်ဆောက်ထားခြင်းဖြစ်သည်။ မြစ်၊ ချောင်းများကို တမံပိတ်၍ ရေသိုလှောင်ခြင်းမျိုးမဟုတ်ဘဲ တောင်စွယ်၊ တောင်ငယ်များမှ ယိုစီးထွက်လာသော စိမ့်စမ်းရေ၊ မိုးရေများကို သိုလှောင်တားဆီးထားသော ရေလှောင်တမံလည်းဖြစ်သည်။

ယင်းရေလှောင်တမံကို ဘုရားကုန်းရေထွက်လျှိုပေါ်တွင် ရေလှောင်တမံတည်ဆောက်ပြီး ဖ၈ဖ၈ကေပေကို ရေသိုလှောင်ရန်၊ တောင်ကြီးမြို့နယ် ထီဖောင်ကျေးရွာအုပ်စုအတွင်းရှိ မြေဧရိယာ ဧက ၂၀၀ ကို ရေသွင်းစိုက်ပျိုးနိုင်ရန်၊ ထီဖောင်ကျေးရွာအုပ်စုနှင့် တောင်ကြီးမြို့တို့အား သောက်သုံးရေ ပေးဝေသွားနိုင်ရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

ယင်းဒေသသည် သောက်သုံးရေရှားပါးသောဒေသဖြစ်၍ ယခုကဲ့သို့ ရေလှောင်တမံ တည်ဆောက်ပေးခြင်းဖြင့် သောက်သုံးရေအခက်အခဲကို ဖြေရှင်းနိုင်ခဲ့ပေသည်။ ဒေသခံတိုင်းရင်းသားများသည် ပဲ၊ အာလူး၊ ငရုတ်၊ ကြက်သွန်တို့ကို စိုက်ပျိုးနိုင်ကြပြီး စပါးဧက ၂၀၀အတွက်ပါ စိုက်ပျိုးရေ ရရှိနိုင်ခဲ့ပြီဖြစ်သည်။

ဘုရားကုန်းရေလှောင်တမံသည် နိုင်ငံတော်၏ ၂၂၇ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး တမံအမြင့် ၄၂ပေ၊ တမံအလျား ပေ ၉၀၀ရှိကာ ကန်ရေပြည့်ရေလှောင်ပမာဏ ဖ၈ဖ ဧကပေရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရန် ဆည်မြောင်းတာတမံများအပါအဝင် တိုင်းရင်းသား ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ကြဉ်းပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများအပိုင်းကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)နေ ခင်ပွန်း ဒုတိယ ဗိုလ်မှူးကြီးမောင်မောင်အေး၊ (သား)မောင်ဝင်းနိုင်အေးတို့အားရည်စူး၍ ဇနီး ဒေါ်ခင်ထွေးရီ (၈၂)နှစ်ပြည့်မွေးနေ့အတွက် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးနှင့် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းခြောက်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

နေပြည်တော်မြန်မာ့အသံ

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)
(၂၉-၁၀-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (မေတ္တသုတ်နှင့်ခန္ဓသုတ်)
ဓမ္မပူဇာတေးပဒေသာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့(မာန်မာန)
၈း၃၅ တေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏။
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (လေးလေးဝါး)
၁၁း၄၅ သိပ္ပံပညာ သိကောင်းစရာ ဒိုင်နိုဆောများ မျိုးသုဉ်းပျောက်ကွယ်သွားခြင်း (အပိုင်း-၁)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန်
တေးပဒေသာ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (မီးပန်းဝေမြိုင် တန်ဆောင်တိုင်)
၁၂း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ အမှတ်တရတေးလက်ဆောင်
၁၇း၀၀ ဘဝတစ်ကွေ့ အတွေ့အကြုံ (ဖယောင်းတိုင်လေးတစ်တိုင်)
၁၇း၁၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ရေကောင်းရေသန့်ဆိုသည်မှာ)
၁၈း၄၀ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၅ ညချမ်းချိန်ခါ တေးပဒေသာ
နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ သုတစုံကြွယ် သိစေဖွယ် (ပျော်ပျော်ကြီး ရင်ဆိုင်လိုက်စမ်းပါ)
၁၉း၄၀ ရေဒီယိုအတိုတိုတေးအရိပ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (နိုင်းနိုင်းနဲ့စန္ဒီချို)
စီးပွားရေးဦးတည်ချက်
၂၀း၅၀ တေးသံစုံ(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့)
၂၁း၀၀ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၂၁း၁၀ ဆောင်းပါး
(တို့အမျိုးသား ကြီးပွားတိုးတက်ရေး)
ခံစားနားဆင်မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ နဝမအကြိမ် သုတေသနစာတမ်းဖတ်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ နဝမအကြိမ် သုတေသနစာတမ်းဖတ်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမဦးကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ဒုတိယဥက္ကဋ္ဌ ဒေါက်တာလှဝေက ဆုရရှိကြသူများ၏ အမည်စာရင်းကို ကြေညာသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက ဝိဇ္ဇာပညာရပ်ဆုရရှိကြသူ ဒေါက်တာဆန်းမြင့်နှင့် ဒေါက်တာမူမူသန်း၊ သိပ္ပံပညာရပ်ဆုရရှိကြသူ ဒေါက်တာကြူကြူဆွေနှင့် ဒေါက်တာထွန်းလွင်၊ လူမှုရေးပညာရပ်ဆုရရှိကြသူ ဒေါက်တာသီတာကြူနှင့် ဒေါက်တာဒေါ်လှညွန့်တို့အား ငွေသားဆုတံဆိပ်နှင့် ဆုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမှုဆောင် ဦးစိန်မင်းက အကောင်းဆုံးသုတေသနစာတမ်းဆုရရှိကြသူများ၏အမည်စာရင်းကို ကြေညာပြီး တာဝန်ရှိသူများက အကောင်းဆုံးသုတေသနစာတမ်းဆုရရှိကြသူ ၂၂ဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပြောကြား

ယင်းနောက် ၂၀၀၈ခုနှစ်အတွက် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဆုရရှိကြသူများ၏ကိုယ်စား ဒေါက်တာထွန်းလွင်နှင့် ၂၀၀၉ခုနှစ် အကောင်းဆုံးသုတေသနစာတမ်းဆုရရှိကြသူများ၏ကိုယ်စား ဒေါက်တာဒေါ်မေမျိုးလှတို့က ကျေးဇူးတင်စကားပြောကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၈-၁၀-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မေးမြန်းစူးစမ်း
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၃၀ ၉။ ကျန်းမာသုတ
၅း၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ Mail Box
၆း၃၅ ၁၄။ ကာတွန်းအစီအစဉ် **မော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၁၇)
၆း၄၅ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှုခင်းရဲ** (အပိုင်း-၄)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဖြေလိုက်ပါ
၂၂။ ICT သုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုပ်လှုပ်ရှားရှားပစ်မှတ်များ** (အပိုင်း-၉)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၀-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **ဆုတောင်းလေးတွေ ပြောင်းလိုက်ပါ** တရားတော် [ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်)]
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၃)
၈း၃၀ Sports World [Hot Water (1)]
၈း၅၅ Industrial Talk
၉း၂၀ အားကစားမြင်ကွင်းစုံ
၁၀း၀၅ ကြည်လင်ဝင်းပ၊ သဘာဝဆေးစွမ်းအလှ
၁၀း၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ပလေးဘွိုင်းသန်းနိုင်)
၁၀း၅၀ Activities in the City (Myanmar ICT Exhibition '09) ပြပွဲမှ Acer နှင့် MSI
၁၁း၁၅ စာပေမိတ်ဆက်(ပင်လယ်ရေ ဘယ်မခန်း နှင့် မိတ်ဆက်ခြင်း)
၁၁း၂၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (အရိန္ဒမာ STATIONARY & FANCY)
၁၁း၄၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (စိတ်အပန်းဖြေစရာ အလှမွေးငါးကမ္ဘာ)
၁၂း၀၀ ဗီဒီယိုပြခန်း
၁၂း၁၅ စတီးရှိုက်မဟုတ်သော အကိုက်အခဲပျောက်ဆေးများ ဘေးကင်းစိတ်ချစွာ သုံးစွဲနိုင်ရေး (ပါမောက္ခဒေါက်တာချစ်စိုး)
၁၂း၄၀ မအီချောင်းတံတား
၁၂း၄၅ **လုံ လုံ လုံ** ဖိုးဘဏ်၊ မေကဗျာ၊ ဖြိုးသီရိခေတ် (ဒါရိုက်တာ-မလိခစိုးထိုက်အောင်)
၁း၀၀ **ဆုတောင်းလေးတွေ ပြောင်းလိုက်ပါ** တရားတော် [ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်)]
၂း၀၀ MRTV-4 သတင်း
၂း၄၅ စကားနပန်း (သားသမီးရှိတာကောင်းတယ်၊ သားသမီးမရှိတာကောင်းတယ်)
၃း၄၀ Activities in the City (Myanmar ICT Exhibition ' 09) ပြပွဲမှ Acer နှင့် MSI
၄း၀၀ တေးဂီတအစီအစဉ်
၄း၁၅ ပြည်သူများသိသင့်သော ဆေးပညာ ကျင့်ဝတ်သိက္ခာများ (အပိုင်း-၂)
၄း၄၅ ကြည်လင်ဝင်းပ၊ သဘာဝဆေးစွမ်းအလှ
၅း၀၀ စာပေမိတ်ဆက် (ပင်လယ်ရေဘယ်မခန်း နှင့် မိတ်ဆက်ခြင်း)
၅း၁၅ စားချင်စဖွယ် နည်းအသွယ်သွယ် (Seafood Chowder Soup & Fish Piccata with Butter Rice ပြုလုပ်နည်း)
၅း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ (အဆိုတော် ဇင်မင်းခန့်နှင့် တွေ့ဆုံခြင်း)
၆း၅၀ ဗီဒီယိုပြခန်း
၇း၁၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (အရိန္ဒမာ STATIONARY & FANCY)
၇း၃၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ပလေးဘွိုင်းသန်းနိုင်)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (သားသမီးရှိတာကောင်းတယ်၊ သားသမီးမရှိတာကောင်းတယ်)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၃)
၁၀း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁း၄၅ Industrial Talk
၁၂း၁၀ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
၁၂း၂၅ ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၁၂း၄၀ မအီချောင်းတံတား
၁၂း၄၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

28-10 (02).pmd 1 10/27/2009, 1:56 PM

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအဗီဆစ်ဝှဲချာချီဝအား ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel BOR FAI(1) ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအဗီဆစ်ဝှဲချာချီဝအား တွေ့ဆုံနှုတ်ဆက်

နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၂၃ရက် ညနေ ၄နာရီခွဲတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအဗီဆစ်ဝှဲချာချီဝအား ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ Dusit Thani Hotel BOR FAI(1) ၌ တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးနှင့် အာဆီယံအမြဲတမ်းကိုယ်စားလှယ် ဦးဉာဏ်လင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်တင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ် H.E. Mr. Kobsak Sabhavasa၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kasit Piromya နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Dusit Thani Hotelမှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ခေတ္တတည်းခိုသည့် Springfield @ Sea Hotel သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

***** ရှေ့ဖုံးမှ

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ သီးသန့်အစည်းအဝေးမစတင်မီ အာဆီယံ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တက်ရောက်

ယင်းနောက် အာဆီယံ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ သီးသန့်အစည်းအဝေးကို နံနက် ၈ နာရီတွင် Dusit Thani Hotel ရှိ Royal Dusit Grand Ballroom(B)၌ကျင်းပရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဟာဂျီဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘိုဝါဆွန် ဘုဖာဝမ်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက် နာဂျစ်ဘင်ထွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဗီဆစ်ဝှဲချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ G-20 တွင် အာဆီယံက ဆက်လက်ပါဝင်ဆောင်ရွက်ရေး၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုကိစ္စ၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ သီးသန့်အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးမောင်မြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား စတုတ္ထအကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၂ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

တက်ရောက်ခဲ့

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၉ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသော မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား စတုတ္ထအကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အမြင်ချင်းဖလှယ်

ယင်းအစည်းအဝေး၌ ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အဲလက်စီ၊ အင်န်၊ ဘိုရီဒက်ဗ်ကင် ခေါင်းဆောင်သော ရုရှားကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး**(အောက်ပုံ)** ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ်တွင်လည်း အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကိုနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မက္ကဆီကိုနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အန်တိုနီယို ဂွိယားမိုး ဗီလေဂါ့စ် ဗီလာလိုဘော့စ်အား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာအန်တိုနီယို ဂွိယားမိုး ဗီလေဂါ့စ် ဗီလာလိုဘော့စ်သည် ၁၉၄၇ခုနှစ် စက်တင်ဘာ ၉ရက်တွင် မွေးဖွားခဲ့သူဖြစ်သည်။ ၎င်းသည် ပီရူးနိုင်ငံ ပွန်တီဖီကယ်လ်ကတ်သလစ်တက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဥပဒေမဟာဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၂ခုနှစ်တွင် မက္ကဆီကိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၆ခုနှစ်တွင် သံအမတ်ကြီးရာထူးကို ရရှိခဲ့သည်။ ၎င်းသည် ပီရူးနိုင်ငံ၊ ပါရာဂွေးနိုင်ငံ၊ အယ်ဆာဗေဒိုနိုင်ငံနှင့် နော်ဝေးနိုင်ငံဆိုင်ရာ မက္ကဆီကိုနိုင်ငံ သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ဂျပန်နိုင်ငံ၌ ကောင်စစ်ဝန်ချုပ်အဖြစ်လည်းကောင်း၊ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မက္ကဆီကိုနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ ဒုတိယအမြဲတမ်း ကိုယ်စားလှယ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ အန်တိုနီယို ဂွိယားမိုး ဗီလေဂါ့စ် ဗီလာလိုဘော့စ်သည် စင်ကာပူမြို့၌ ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကိုနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး ငါးဦးရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဖင်လန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စဆာပါ မီအန်းပါးအား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စဆာပါ မီအန်းပါးသည် ၁၉၅၇ခုနှစ်တွင် မွေးဖွားခဲ့ပြီး ဟယ်(လ်)ဆင်ကီတက္ကသိုလ်မှ မဟာသိပ္ပံဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၈၃ ခုနှစ်တွင် ဖင်လန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၃ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ဖင်လန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ရိုဘီမြို့နှင့် မင်နာဂွာမြို့တို့ရှိ ဖင်လန်သမ္မတနိုင်ငံ သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် လောလောဆယ်တွင် ထိုင်းနိုင်ငံဆိုင်ရာ ဖင်လန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စဆာပါ မီအန်းပါးသည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖင်လန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ညောင်လေးပင်မြို့ ကျောင်းသား ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

ညောင်လေးပင်မြို့ ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် ထက်၊ လယ်၊ မူ မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၁ရက် (တန်ဆောင်မုန်းလပြည့်နေ့) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် အာဇာနည်လမ်းရှိ သီရိရတနာ ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူ ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးစောမြင့် ဖုန်း-၀၁-၂၀၁၆၅၇ နှင့် ဦးစိုးဝင်း ဖုန်း-၀၉- ၅၃-၈၅၂၈၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရာသီဥတုဖောက်ပြန်မှု ဂျပန်အကူအညီပေးမည်

ဟွာဟင်း အောက်တိုဘာ ၂၇

ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှု ပဉ္စမအများဆုံးဖြစ်သည့် ဂျပန်နိုင်ငံသည် ကမ္ဘာကြီး ပူနွေးလာမှုကို လျှော့ကျအောင် ဆောင်ရွက်ရေးအတွက် ကမ္ဘာပေါ်၌ လေထုညစ်ညမ်းမှု တတိယအများဆုံးဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံကို အမေရိကန်ဒေါ်လာ လေးဘီလီယံ ထုတ်ချေးသွားရန် ကမ်းလှမ်းလိုက်ကြောင်း ဂျပန်အစိုးရအရာရှိများက ပြောကြားသည်။

တွေ့ဆုံဆွေးနွေး

ယင်းချေးငွေသည် ဂျပန်ဝန်ကြီးချုပ် ယူကီယိုဟာတိုယာမာက လွန်ခဲ့သည့်လကထုတ်ပြန်ခဲ့သော ဟာတိုယာမာအစီအစဉ်၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း၊ ထိုအစီအစဉ်အရ ဂျပန်နိုင်ငံအနေဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုပြဿနာကို ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေရန် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ငွေကြေးနှင့် နည်းပညာအကူအညီများ ပေးသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုနှင့် အာရှပစိဖိတ်ထိပ်သီးညီလာခံပြင်ပ၌ တွေ့ဆုံဆွေးနွေးစဉ် ဂျပန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ရိုးရာဆန်ဖွပ်ပွဲ

တရုတ်နိုင်ငံ ကျိုကျင်းပြည်နယ် နိုင်ဘိုမြို့၌ ဒေသခံ ၃၂၄ ဦးတို့ အတူတကွစုပေါင်း၍ ရိုးရာဆန်ဖွပ်ပွဲ ကျင်းပလျက်ရှိသည်ကို အောက်တိုဘာ ၂၆ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘောဒီးယားနှင့် အိန္ဒိယ အကြမ်းဖက်မှု ပူးတွဲတိုက်ဖျက်မည်

ဖနောင်ပင် အောက်တိုဘာ ၂၇

အိန္ဒိယနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် နှစ်နိုင်ငံကြား အမျိုးသားကာကွယ်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ပြုလုပ်သွားမည်ဟု အောက်တိုဘာ ၂၅ရက်က ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ဟော်နမ်ဟောင်က ပြောကြားသည်။

ဆွေးနွေး

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့် အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းတို့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ထိပ်သီးအစည်းအဝေးပြင်ပတွင် သီးခြားတွေ့ဆုံရာ၌ ယင်းကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မူးယစ်တိုက်ဖျက်မှုစစ်ဆင်ရေး ဘရာဇီးရဲတပ်ဖွဲ့ဆင်နွှဲ

ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၂၇

ဘရာဇီးနိုင်ငံတောင်ပိုင်း ပါရာနာပြည်နယ်တွင် မူးယစ်တိုက်ဖျက်မှု စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲခဲ့ရာ မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် ဆက်နွယ်သူ ၂၇၉ဦးနှင့် ဆေးခြောက် ၁ဒသမ၂တန်ကို သိမ်းဆည်းရရှိခဲ့ကြောင်း ဘရာဇီးရဲတပ်ဖွဲ့က အောက်တိုဘာ ၂၆ရက်၌ သတင်းထုတ်ပြန်သည်။

သိမ်းဆည်းရရှိ

အဆိုပါ မူးယစ်တိုက်ဖျက်မှုစစ်ဆင်ရေး၌ ရဲတပ်ဖွဲ့ဝင်၁၁၈၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြောင်း၊ ဖမ်းဆီးခဲ့သည့် တရားခံများတွင် ဆယ်ကျော်သက်အရွယ် ခြောက်ဦးပါဝင်ကြောင်း၊ ဆေးခြောက်များနှင့်အတူ လက်နက် ၅၂ခုနှင့် မော်တော်ယာဉ်များကိုလည်း သိမ်းဆည်းရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဆက်နွယ်

ပါရာနာပြည်နယ် မြို့တော်ကာတီဘာ၌ဖြစ်ပွားသည့် လူသတ်မှုများ၏ ၉၀ရာခိုင်နှုန်းမှာ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် လူသတ်မှုများဖြစ်ကြောင်း သိရသည်။

(အင်တာနက်)



လျှပ်စစ်မော်တော်ယာဉ်

ဂျပန်နိုင်ငံ တိုကျိုမြို့၌ နစ်ဆန်းကုမ္ပဏီမှ တီထွင်ထားသည့် အပေါ့စား လျှပ်စစ်မော်တော်ယာဉ်ကို အောက်တိုဘာ ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

စပိန်နိုင်ငံ ပေါလ်မာဒီမော်လာကာမြို့၌ လေးထပ်အဆောက်အအုံပြိုကျမှုဖြစ်ပွားပြီးနောက် ရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို အောက်တိုဘာ ၂၆ ရက်က တွေ့ရစဉ်။ **(ယင်းအဆောက်အအုံပြိုကျမှု၌ ငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။)**

(အင်တာနက်ဓာတ်ပုံ)

စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၌ တောင်ကိုရီးယား ပို့ကုန်ရင်းနှီးမြှုပ်နှံမည်

ဆိုးလ် အောက်တိုဘာ ၂၇

တောင်ကိုရီးယားအစိုးရအနေဖြင့် စိုက်ပျိုးရေးနှင့် တိရစ္ဆာန်မွေးမြူရေးကဏ္ဍတွင် ပြည်တွင်းဝယ်လိုအားနှင့် နိုင်ငံခြားသို့ တင်ပို့မှုများပိုမိုမြင့်တင်ရန် တိုးမြှင့်ရင်းနှီးမြှုပ်နှံသွားရန် စီစဉ်လျက်ရှိကြောင်း အစိုးရအဖွဲ့မှတာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

ပိုမိုဖြည့်တင်း

အဆိုပါ စိုက်ပျိုးရေးနှင့် တိရစ္ဆာန်မွေးမြူရေးကဏ္ဍတွင် ၂၀၂၀ပြည့်နှစ်၌ နိုင်ငံခြားသို့ တင်ပို့မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၂၀၀အထိ ရောက်ရှိမည်ဟု ခန့်မှန်းထားသဖြင့် ယင်းကဏ္ဍ၌ ငွေကြေးနှင့်အရင်းအမြစ်များ ပိုမိုဖြည့်တင်းသွားရန် စီစဉ်ထားကြောင်း စားနပ်ရိက္ခာ၊ စိုက်ပျိုးရေး၊ သစ်တောနှင့်ငါးဖမ်းလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။ **(အင်တာနက်)**

ဂရိနိုင်ငံတစ်ဝန်း လေမုန်တိုင်းတိုက်ခတ် တစ်ဦးသေဆုံး၊ တစ်ဦးပျောက်ဆုံး

အေသင် အောက်တိုဘာ ၂၇

ဂရိနိုင်ငံတစ်ဝန်း လေမုန်တိုင်း တိုက်ခတ်သဖြင့် အိုးအိမ်အဆောက်အအုံနှင့် စိုက်ခင်းများ ရေလွှမ်းခံခဲ့ရပြီးနောက် တစ်ဦးသေဆုံးပြီး အခြားတစ်ဦး အောက်တိုဘာ ၂၅ ရက်က ပျောက်ဆုံးလျက်ရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

သေဆုံး

ဂရိနိုင်ငံအလယ်ပိုင်း ဗိုလိုမြို့အနီးတွင် ကမ်းခြေစောင့်တပ်ဖွဲ့က အသက် (၄၁) နှစ်ရှိ အမျိုးသားတစ်ဦး၏ အလောင်းကို တွေ့ရှိသည်။ လေမုန်တိုင်း ပြင်းထန်စွာ တိုက်ခတ်သဖြင့် ၎င်းစီးလာသည့် ရေယာဉ် တိမ်းမှောက်ပြီး ရေနစ်သေဆုံးခြင်းဖြစ်သည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

ပျောက်ဆုံး

အေသင်မြို့တော်၏ မြောက်ဘက် ကီလိုမီတာ ၄၀၀ခန့်ရှိ ပီရီယာဒေသတွင် မော်တော်ယာဉ်တစ်စီးနစ်မြုပ်သဖြင့် အခြားတစ်ဦး ပျောက်ဆုံးခဲ့သည်။

ပျက်စီး

ဂရိနိုင်ငံအလယ်ပိုင်းနှင့်မြောက်ပိုင်းဒေသရှိ အိုးအိမ်များတွင် ပိတ်မိနေသူ ၁၀ဦးအား မီးသတ်သမားများက ကယ်ဆယ်ခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တိရစ္ဆာန်များ ဒါဇင်ချီရေနစ်ကာ သီးနှံစိုက်ခင်းများ ပျက်စီးခဲ့ရသည်။

အမ်အင်န်အေ၊ရိုက်တာ

ဗီယက်နမ်၌ စီးပွားရေးဇုန်ဖွင့်မည်

ဟန်နွိုင်း အောက်တိုဘာ ၂၇

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဖူယန်ပြည်နယ်၌ ဟက်တာ ၂၀၇၃၀ကျယ်သည့် မြေနေရာပေါ်တွင် ကဏ္ဍစုံပါဝင်သည့် ခေတ်မီစီးပွားရေးဇုန်တစ်ခု တည်ဆောက်ရန်စီစဉ်ထားကြောင်း ဗီယက်နမ်ဝန်ကြီးချုပ်ငုယင်တန်ဒေါင်၏ ပြောကြားချက်ကို ဒေသဆိုင်ရာအစိုးရဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အဆိုပါ စီးပွားရေးဇုန်သည် ဗီယက်နမ်အလယ်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးအင်အားဖြစ်လိမ့်မည်ဟု အဆိုပါသတင်းတွင် ဖော်ပြသည်။

(အင်တာနက်)

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၂၆ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့စားနပ်ရိက္ခာဖွံ့ဖြိုးရေးအစီအစဉ် ဩစတြေးလျ ကူညီမည်

ကင်ဘာရာ အောက်တိုဘာ ၂၇

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာဖွံ့ဖြိုးမှုအစီအစဉ်အရ လာမည့်လေးနှစ်တာကာလအတွင်း ဩစတြေးလျနိုင်ငံက အမေရိကန်ဒေါ်လာ ၁၆၇သန်း ကူညီမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၆ရက်တွင် ကင်ဘာရာမြို့၌ သဘောတူလက်မှတ်ရေးထိုးသည်။

ကူညီ

အဆိုပါသဘောတူညီမှုတွင် အရှေ့တောင်အာရှ၊ အာဖရိကနှင့်တောင်အမေရိကနိုင်ငံများရှိ စာသင်ကျောင်းများအတွက် ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၉ဒသမ၃ သန်း ကူညီမည်ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ၌ မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် အရေးပေါ်ကူညီပေးခဲ့ကြောင်း ဖော်ပြသည်။

သဘောတူ

ယခုနှစ်ဇူလိုင်လက ဂျီ-၈ အစည်းအဝေး၌ ဩစတြေးလျဝန်ကြီးချုပ် ကီဗင်ရဒ်နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့မှ အကြီးအကဲ ဂျို့စတီရှီရန်တို့ တွေ့ဆုံပြီးနောက် အထက်ပါအတိုင်း သဘောတူခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

တရုတ်ပြည်ချုံကင်းဒေသ၌ နှင်းထုထပ်စွာကျ ခရီးသည်၁၀၀၀၀ကျော် လေဆိပ်၌သောင်တင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်း ချုံကင်းမြူနီစီပယ်အုပ်ချုပ်ရေးဒေသ လေဆိပ်တစ်ခုတွင် အောက်တိုဘာ ၂၆ရက်က မြူနှင်းများ ထူထပ်စွာကျရောက်သဖြင့် လေယာဉ်ဒါဇင်ပေါင်းများစွာ ပျံသန်းနိုင်ခြင်းမရှိဘဲ လေဆိပ်တွင် စောင့်ဆိုင်းနေကြရပြီး ခရီးသည်၁၀၀၀၀ကျော် ခရီးမဆက်နိုင်အောင်ဖြစ်ကာ လေဆိပ်တွင် သောင်တင်နေကြရကြောင်း သတင်းရရှိသည်။

A(H1N1) တုပ်ကွေးရောဂါဖြစ်သူ တူရကီတွင် ၁၀၉၅ဦးရှိ

တူရကီနိုင်ငံတွင် ယခုအချိန်အထိ A(H1N1)တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၀၉၅ဦးရှိသွားပြီဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၆ရက်တွင် ပြောကြားသည်ဟု အစိုးရတစ်ပိုင်း အနာတိုလီယာ သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ဒေါ်လာတန်ဖိုး အနည်းငယ်မြင့်တက်လာခဲ့

အောက်တိုဘာ ၂၆ရက်တွင် အမေရိကန်ဒေါ်လာသည် ယူရိုငွေနှင့် အခြားအဓိကကျသော ငွေကြေးများနှင့် ဖလှယ်ရာ၌ တန်ဖိုးမြင့်တက်လာကြောင်း သတင်းရရှိသည်။ ပေါင်စတာလင်ငွေသည် တစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁ဒသမ၆၃၁၁ရှိရာမှ ၁ဒသမ၆၃၀၃အထိ ကျဆင်းသွားသည်။ အမေရိကန်ဒေါ်လာသည် တစ်ဒေါ်လာလျှင် ကနေဒါဒေါ်လာ ၁ဒသမ၀၅၂၃မှ ၁ဒသမ၀၆၇၅အထိ လည်းကောင်း၊ ဆွစ်ဖရန့် ၁ဒသမ ၀၀၈၇မှ ၁ဒသမ၀၁၈အထိ လည်းကောင်း၊ ဂျပန်ယန်းငွေ ၉၂ဒသမ၁၀မှ ၉၂ဒသမ၂၂အထိလည်းကောင်း တန်ဖိုးတက်သွားသည်။

မလေးရှား၌ ကြိုးတံတားပြုတ်ကျ တစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်နေ

မလေးရှားနိုင်ငံအလယ်ပိုင်း ပီရက်ပြည်နယ် ကင်တာခရိုင် ကမ်ပါမြစ်၌ မြစ်ကူး ကြိုးတံတားတစ်ခု အောက်တိုဘာ ၂၆ရက်ညက ပြတ်တောက် ပြုတ်ကျသဖြင့် မိန်းကလေးတစ်ဦး သေဆုံးသွားပြီး ကျန်နှစ်ဦး ပျောက်ဆုံးနေကြောင်း အောက်တိုဘာ ၂၇ရက်ထုတ် မလေးရှား မီဒီယာများတွင် ဖော်ပြပါရှိသည်။ တံတားပေါ်မှ ပြုတ်ကျသူစုစုပေါင်း ၂၂ဦး ရှိသည်ဟုလည်း သိရသည်။ (ဝဲပုံ)

တက္ကဆက်ပြည်နယ်၌ လေယာဉ်ငယ်ပျက်ကျ လိုက်ပါသူ လေးဦးစလုံးသေဆုံး

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်တွင် အောက်တိုဘာ ၂၆ရက်က အသေးစား လေယာဉ်တစ်စင်းပျက်ကျရာ လေယာဉ်ပေါ်လိုက်ပါသူ လေးဦးစလုံး သေဆုံးခဲ့ကြောင်း လေကြောင်းအရာရှိများက ပြောကြားသည်။

(အောက်ပုံ)

အဲယားဘတ်စ်လေယာဉ်နှစ်စင်း နီပေါလေကြောင်း ဖြည့်တင်းဝယ်ယူမည်

နီပေါနိုင်ငံသည် ၂၀၁၀ပြည့်နှစ် တတိယသုံးလပတ်တွင် အေ-၃၂၀-၂၀၀အမျိုးအစား အဲယားဘတ်စ် လေယာဉ်တစ်စင်းကိုလည်းကောင်း၊ ၂၀၁၁ခုနှစ် ပထမနှစ်ဝက်တွင် အေ-၃၃၀-၂၀၀အမျိုးအစား အဲယားဘတ်စ် လေယာဉ်တစ်စင်းကိုလည်းကောင်း ဝယ်ယူသွားမည်ဟု နီပေါလေကြောင်းကော်ပိုရေးရှင်း(အင်န်အေစီ)က ထုတ်ပြန်သည်။

(အင်တာနက်)

ပန်းတနော် ချောင်းကလေးကျေးရွာ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

နယ်စပ်/စည်ပင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အားပေး

ရန်ကုန် အောက်တိုဘာ ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် အောက်တိုဘာ ၂၆ရက်တွင် စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူ ဆောက်လုပ်ပြီးစီးသွားသော ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(နယ်စပ်/စည်ပင်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူ၊ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးစိုးကိုကိုနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးလှဝင်းတို့က ချောင်းကလေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ပန်းတနော်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုများ၊ နိုင်ငံတော်မှ ဖွံ့ဖြိုးရေးစီမံကိန်းကြီးသုံးရပ်ဖြင့် နိုင်ငံတစ်ဝန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးခဲ့မှုများကို ရှင်းလင်းပြောကြားပြီး အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက ပညာရေးဆိုင်ရာဆောင်ရွက်ချက်များကိုလည်းကောင်း၊ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးစိုးကိုကိုက ကျောင်းဆောင်သစ်တည်ဆောက်ပေးမှုနှင့် ကျောင်းဆောင်များ ပြန်လည်မွမ်းမံမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ)ဦးစိုးကိုကိုက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပန်းတနော်မြို့နယ် ပညာရေးမှူး ဦးမြတ်စိုးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွဲ့မူက ကျောင်းဆောင်သစ် ဆောက်လုပ်ပေးခြင်းအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီးနှင့် ဧည့်သည်များသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)ကို အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ တစ်ထပ်အုတ်ညှပ်ကျောင်းဆောင်သစ်နှင့် ကျောင်းဆောင်ဟောင်း သုံးဆောင် ပြန်လည်မွမ်းမံခြင်းလုပ်ငန်းတို့ကို စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂျင်နီယာများက တာဝန်ယူ ဆောက်လုပ်ပြီးစီး၍ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်း ဖြစ်သည်။

နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်း မအူပင်မြို့နယ်အတွင်း ပြိုကျပျက်စီးခဲ့သော အခြေခံပညာကျောင်းများမှ ကျောင်း ၄၄ကျောင်းကို ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုရန်ပုံငွေဖြင့် စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂျင်နီယာအဖွဲ့က ကျောင်း ငါးကျောင်း၊ တီဇက်တီအမ်ဆောက်လုပ်ရေးကုမ္ပဏီ၊ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီနှင့် ကုမ္ပဏီများက ၁၃ ကျောင်းစီဖြင့် ဆောက်လုပ်ပေးခဲ့ပြီး ၂၀၀၉ခုနှစ် ဇွန်၇ရက်တွင် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

အလားတူ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း၏ လှူဒါန်းငွေဖြင့် စေတနာအဖွဲ့က ဆောက်လုပ်ပြီးစီးသွားသည့် ညောင်တုန်းမြို့နယ် ရှမ်းစု-စိန်ဘုရားကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၊ မအူပင်မြို့နယ် ခနိဒေါင့်-ဝါးတောကျေးရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် မအူပင်မြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းများ၌ ကျောင်းဆောင်သစ်သုံးဆောင်တို့အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားများကို အောက်တိုဘာ ၂၆ရက်တွင် သက်ဆိုင်ရာ ကျောင်းအသီးသီးတို့၌ ကျင်းပခဲ့ရာ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံသံတမန် ကျွမ်းကျင်မှု သင်တန်း (၁၅)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

အခြေခံ သံတမန် ကျွမ်းကျင်မှုသင်တန်းသား သင်တန်းသူများမှ (၁၅)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်း ဗားကရာတောရကျောင်းတိုက်၌ အောက်တိုဘာ ၃၁ရက်(စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ သင်တန်းသား သင်တန်းသူများအားလုံး ကုသိုလ်ပါဝင်ရန် ဖိတ်ကြားထားသည်။ ဖုန်း-၀၉-၅၁-၅၆၂၂၉၊ ကိုအောင်လင်း ဖုန်း-၀၉-၅၀-၁၈၀၉၀နှင့် ကိုအောင်မင်း ဖုန်း-၀၉- ၅၁-၁၈၉၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်းမ်ဂျာနယ် ယခုအပတ်ထုတ် ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၇

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ ၅၊ အမှတ် ၄၂တွင် Business Times အထူးအချပ်ပိုကဏ္ဍကို ကာလာစုံ စာမျက်နှာများများ၊ Political Times အထူးအချပ်ပိုစာမျက်နှာ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

Business Times ကဏ္ဍတွင် ၂၀၁၀အလွန် မြန်မာ့စီးပွားရေးရှုခင်းကို လှမ်းမျှော် ကြည့်ရှုခြင်း အထူးမျက်နှာဖုံးဆောင်းပါး၊ မျက်မှောက်နယ်စပ် ကုန်သွယ်ရေး၊ ကုန်စည်စီးဆင်းမှု ချောမွေ့စေရေး ဘာတွေကို အလေးပေးမလဲ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစီးပွားရေး ကောင်စစ်ဝန် Mr.Prajuab(P.J)Supinee နှင့် တွေ့ဆုံခြင်း၊ တော်ဝင်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့် အင်တာဗျူး၊ Political Times ကဏ္ဍမှ ဆရာမောင်စူးစမ်း၏ တိုင်နှစ်တိုင်နှင့် အတွဲတစ်တွဲ မြန်မာ့နိုင်ငံရေး၊ ဆရာ ဦးကိုကိုလှိုင်၏ နိုင်ငံရေးဦးဆောင်မှုနှင့် အုပ်ချုပ်မှုယန္တရား၊ ဆရာဦးကျော်ဝင်း၏ ပဋိပက္ခ ဖြေရှင်းရေးနှင့် ရွေးကောက်ပွဲတို့၏ အခန်းကဏ္ဍ၊ ခေတ်ဟောင်းသတင်းစာများက ပြောနေသော ပြည်တွင်းနိုင်ငံရေး ပုံရိပ်များ စသည်ဖြင့် ကဏ္ဍစုံလင်စွာပါရှိသည်။

ယင်းအပြင် အေးစက်စက်ဈေးကွက်သွက်အောင် ဘယ်လိုလုပ်မလဲ မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ကြွပ်ကြွပ်အိတ် လုံးဝမသုံးစွဲရန် တားမြစ်အရေးယူမည်၊ လှူဒါန်းမှုအများဆုံး သီရိမင်္ဂလာဈေးကထိန် ယခုနှစ်မပြုလုပ်ပါ၊ သရက်တွင် မြွေဆိပ်ဖြေဆေးအတု တွေ့ရှိ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ကြိုးဆွဲရပ်သေးနှင့် ယဉ်ကျေးမှုအမွေအကြောင်း၊ သုံးမိနစ် မန်နေဂျာကဏ္ဍမှ အရှုံးတွေထဲ ဝန်ထမ်းဘယ်လို ထိန်းမလဲ၊ သားလေးပဲဖြစ်ဖြစ် သမီးလေးပဲဖြစ်ဖြစ် ဒီနှစ်ကုန်ရင် ကလေးယူတော့မယ် ခိုင်နှင်းဝေနှင့် လိုတိုဗျူး ဖျော်ဖြေရေးကဏ္ဍများ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

လူတုပ်ကွေးဗိုင်းရပ်စ် ကမ္ဘာအနှံ့ ဆက်လက်ခြိမ်းခြောက်နေ၊ ဖိလစ်ပိုင် ဆန်အခွန် စည်းကြပ်မှုကို တရားမျှတစွာ မဖြေရှင်းပါက အာဆီယံလွတ်လပ်စွာ ကုန်သွယ်ရေး စာချုပ် ကြန့်ကြာမည်ဟုဆို၊ နယူးယောက်တိုင်းမ်သတင်းစာ ဝန်ထမ်း ၁၀၀လျှော့ချရန် စီစဉ်ထား၊ ထိုင်းဘုရင် ဘူမိဘော၏ကျန်းမာရေးအတွက် ပြည်သူများစိုးရိမ်နေ၊ ကမ္ဘာတွင် ဝမ်းပျက် ဝမ်းလျှောရောဂါကြောင့် ကလေးသူငယ် သန်းကျော်သေဆုံးနေ၊ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း စံချိန်တင်မြင့်တက်၊ သွေးစုပ်ဖုတ်ကောင်ဝက်ဘ်ဆိုက်တွင် ကိုယ်ရေးအချက်အလက်တင်သည့် ဆယ်ကျော်သက်အရွယ်မိန်းကလေးအသတ်ခံရ၊ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့ကဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

နှလုံးရောဂါကို အကာအကွယ်ပေးသည့်စပျစ်သီး



စပျစ်သီးတွင် ဖလေဗိုနွိုက် ခေါ်သည့် အကျိုးပြုသော ဒြပ်ပေါင်းများ ပါဝင်သည်။ ဖလေဗိုနွိုက်များသည် စပျစ်သီး၊ စပျစ်ရည်နှင့် သပြေမှည့်ရောင်ရှိသော ဝိုင်အရက်တို့ကို စိုစိုလွင်လွင် ခရမ်းရောင်ဆိုးပေးသည့် အပင်မှ ထုတ်ယူရရှိသော အာဟာရများပင် ဖြစ်သည်။ အရောင်ပိုရင့်လေ ဖလေဗိုနွိုက်ပိုများလေဖြစ်သည်။

ကာကွယ်ပေး

ဤဖလေဗိုနွိုက်များတွင် ကွာစီတင်နှင့် ရက်ဗာရေထရို ဒြပ်ပေါင်းနှစ်မျိုး ပါဝင်ပြီး ထိုဒြပ်ပေါင်းနှစ်မျိုးစလုံးက နှလုံးရောဂါဖြစ်မည့် အန္တရာယ်ကို ကာကွယ်ပေးသည်ဟု ဆိုသည်။ (အပေါ်ပုံ)

ပိုမိုသက်သာ

အဆီများသည့် အစာကို စားကြသည့် ပြင်သစ်လူမျိုးများအား နှလုံးရောဂါအန္တရာယ်မှ များစွာအကာအကွယ် ပေးထားသည်။ ပြင်သစ်လူမျိုးတို့သည် စပျစ်သီးနှင့် သပြေမှည့်ရောင်ရှိသော ဝိုင်အရက်ကို မကြာခဏဝါးမျို သောက်သုံးလေ့ရှိသည့်အတွက် အမေရိကန်တို့ထက် နှလုံးရောဂါအန္တရာယ်မှ ပိုမိုသက်သာသည်။

စပျစ်သီးအစေ့ကို စားသုံးပါက ဆီးကျိတ်ရောဂါမှ အကာအကွယ်ပေးသည်ဟုလည်း နောက်ဆုံးတွေ့ရှိရသည်။ ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ်မစ္စတာဝမ်ကြားပေါင်အား ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ရှိ Napalai Ballroom (A) ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်သိမ်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီးနှင့် အာဆီယံအမြဲတမ်းကိုယ်စားလှယ် ဦးဉာဏ်လင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr.Yang Jiechi နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် နှစ်နိုင်ငံချစ်ကြည်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနည်းပညာစသည့်ကဏ္ဍပေါင်းစုံ တိုးမြှင့်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို နှစ်နိုင်ငံအကြား နားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဣလ္လိသဒ္ဒိစိတ္တ ဇာတ်တော်ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ ဆက်လက်ကျင်းပ စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာသီရိ ရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၇

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဣလ္လိသဒ္ဒိစိတ္တ ဇာတ်တော်ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်ကို ယနေ့ည ၇နာရီတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာသီရိရုပ်စုံသဘင်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်သည်။

ကြည့်ရှုအားပေး

အဆိုပါ ဇာတ်တော်ကြီးပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဇနီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ် ပညာရှင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု လေ့လာရေးအဖွဲ့ဝင်များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်စုံသဘင်အနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်တင်ဆက်

စစ်ကိုင်းတိုင်း ကိုယ်စားပြု ဇေယျာသီရိရုပ်စုံသဘင်အဖွဲ့ကို ပန်တျာဦးမြကြည် ဦးစီးပြီး ဇာတ်ညွှန်းနှင့် ဒါရိုက်တာမြင်းခြံ အောင်နိုင်၊ ရုပ်စုံကြိုးဆွဲဦးစိန်မောင်ဝင်းနှင့်အဖွဲ့၊ ဆို၊ ငို၊ ပြော ပညာရှင်(ရွှေတံဆိပ်ဆုရှင်)တက်ခေတ်လင်းဇော်၊ တက်ခေတ်သန့်ဇင်၊ မင်းသမီး ဝိုင်းဝိုင်းလည်၊ ဦးဇင်သူ၊ ဦးဇော်ဝင်း၊ ဦးအောင်ဝင်း၊ ဦးတက်ကျော်နှင့် ဦးဉာဏ်ထွန်းတို့က ဝိုင်းတော်တီးပန်တျာမင်းဝေဆိုင်းအဖွဲ့နှင့်တွဲဖက်၍ ဘုရားရှင်၏ ဒေသနာတော်နှင့်လျော်ညီစွာ မိမိပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို သံသရာခရီးအတွက် ဒါနတည်းဟူသော ရိက္ခာထုပ်ကို မြှုပ်နှံရန်နှင့် မစ္ဆရိယ-ဝန်တိုစေးနှဲခြင်း အကျင့်ကိုခွာ၍ အများအပေါ် မုဒိတာပွားနိုင်ရန် လမ်းမှန်သို့ ညွှန်ပြထားသည့်အကြောင်းတို့ကို အခန်းစဉ်များဖြင့် ရုပ်စုံသဘင်ပညာပြည့်ဝစွာ ယှဉ်ပြိုင်တင်ဆက်ကြသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာသီရိရုပ်စုံသဘင်အဖွဲ့၏ ဣလ္လိသဒ္ဒိစိတ္တ ဇာတ်တော်ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဝမ်းတွင်းမြို့နယ်အသင်း စုပေါင်းလှူဒါန်းပွဲ

ရန်ကုန် အောက်တိုဘာ ၂၇

ဝမ်းတွင်းမြို့နယ်အသင်း (ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို အောက်တိုဘာ ၃၁ရက်(စနေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ အောင်မြေသာယာ ကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။

နှိုးဆော်ထား

အဆိုပါနေ့တွင် အသင်းဝင်ပြီးသူ မြို့နယ်အသင်းသားများ၏ သားသမီးများမှ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သူ ဂုဏ်ထူးရကျောင်းသားများကို ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်ရာ အောက်တိုဘာ ၂၈ရက် နောက်ဆုံးထား၍ ဖုန်း-၀၁-၅၄၄၃၀၇၊ ၀၉-၂၀-၄၃၆၉၅၊ ၀၉-၅၀-၇၇၇၅၅၊ ၀၉-၅၁-၅၅၀၀၅၊ ၀၉-၅၅-၀၀၄၀၄တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ရွှေပြည်စိုး(၁) ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပန္နက်တင်ပွဲ ရေကြည်မြို့နယ်တွင် ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

ရေကြည်မြို့နယ် ဝက်ရုပ်ကျေးရွာအုပ်စု ဝက်ရုပ်ကျေးရွာ ရွှေပြည်စိုး(၁) ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပန္နက်တင်ပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက်၉နာရီတွင် အဆိုပါကျေးရွာ၌ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိဦးစန်းဝင်း၊ မြို့နယ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဦးစိုးသိန်း(ငါးလုပ်ငန်း)၊ ဦးစိုးလှိုင်(သစ်တော)၊ ဦးမြင့်စိုး (စက်မှု/လယ်ယာ)၊ ဒေါ်မြစီ (မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး)နှင့် ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီတို့က ပန္နက်တင်ပေးကြပြီး ခရိုင်ဦးစီးအရာရှိက အမှာစကားပြောကြားကာ မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းအကျိုးကျေးဇူးနှင့် စံ(၅)ချက်နှင့်အညီ အကောင်အထည်ဖော်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်

ထို့နောက် စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် နိုင်ငံတော်ခွင့်ပြုငွေကျပ် ၁၀သိန်းမှ ပထမအရစ် ငွေကျပ်ငါးသိန်းကို ခရိုင်ဦးစီးအရာရှိက မြို့နယ်ဦးစီးမှူးထံ ပေးအပ်ပြီး ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဦးသိန်းလွင်က ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ မန္တလေးမြို့၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

၂၀၀၉ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ရက် နံနက်ပိုင်းက မန္တလေးမြို့ အမှတ်(၂)အခြေခံပညာဦးစီးဌာနခန်းမ၌ကျင်းပရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၁၄ဦးတို့အား အမှတ်(၂)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလွင်အောင်၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်မောင်ဦး၊ မန္တလေးတိုင်း ပညာရေးမှူး ဦးကျော်ဝင်း၊ မန္တလေးပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးတင်မောင်သန်း၊ ဦးစီးဌာနမှ အရာထမ်းနှင့် အမှုထမ်းများ၊ မန္တလေးတိုင်းပညာရေးမှူးရုံးမှ အရာထမ်းများ၊ မန္တလေးခရိုင်အတွင်းမှ မြို့နယ်ပညာရေးမှူးများ၊ မန္တလေးမြို့ရှိ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများ တက်ရောက်ကန်တော့ကြသည်။

သြဝါဒစကားမြွက်ကြား

အခမ်းအနားတွင် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား မန္တလေးတိုင်း ပညာရေးမှူး(စီမံ-ငြိမ်း) ဦးလှညွှန့်က သြဝါဒစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြော

ဟသ်ာတ အောက်တိုဘာ ၂၇

ဧရာဝတီတိုင်း ဟသ်ာတခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၄ရက်က ကြံခင်းအထကကျောင်း၌ ကျင်းပရာ ကျောင်းသားကျောင်းသူ ၅၀၀တက်ရောက်ကြသည်။ ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဟသ်ာတခရိုင် ဦးစီးမှူးဦးအောင်ဝင်း၊ ပို့ဆောင်ဆက်သွယ်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစောမြင့်လွင်၊ မြို့နယ်ဥပဒေအရာရှိ ဦးမြင့်သိန်းနှင့် စစ်ဆေးရေးမှူး ဦးသိန်းငွေတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှု အသိပေးရှင်းလင်းပွဲနှင့် သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၂ရက်က သန်လျင်ပြည်သူ့ဆေးရုံခန်းမဆောင်၌ကျင်းပရာ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးမှ တွဲဖက်ပါမောက္ခ ဒေါက်တာမြင့်ဟန် အမှာစကား ပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

28-10 (06).pmd 1 10/27/2009, 1:57 PM

မြိုင်မြိုင်ဆိုင်ဆိုင်ဆင်ကာနွှဲ မြန်မာ့ရုပ်စုံပြိုင်ပွဲ

အနုပညာမြင်ကွင်း-မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၂၇

ရုပ်စုံပြိုင်ပွဲကျင်းပရာ နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်း(သင်တန်းခန်းမဆောင်) စင်မြင့်....။ မီးရောင်များ ဖြာကျလျက်ရှိရာ ကတ္တီပါနီညိုရောင်ကန့်လန့်ကာများ ရွှန်းစိုအိလဲ့နေသည်။ ယနေ့ယှဉ်ပြိုင်ရမည့် ရုပ်စုံအဖွဲ့မှာ စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာသီရိ ရုပ်စုံအဖွဲ့ဖြစ်သည်။

ရောက်ရှိ

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ရုပ်စုံပြိုင်ပွဲယှဉ်ပြိုင်မှုကို လေ့လာရန် မြန်မာ့အလင်းသတင်းအဖွဲ့ အမှတ်(၇)တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်သို့ရောက်ရှိချိန်သည် ည၇နာရီ။ ပြိုင်ပွဲခန်းမအတွင်း ပရိသတ်များအပြည့်ဖြစ်ရာ လေအေးစက်များ တပ်ဆင်ထားသဖြင့် သက်သောင့်သက်သာရှိလှသည်။

ပီပြင်

မြန်မာ့အလင်းသတင်းအဖွဲ့ရောက်ရှိပြီး မကြာမီ ပြိုင်ပွဲစတင်ရန် အဖွင့်ဆိုင်းတီးလုံးစတင်လိုက်သည်နှင့် ပရိသတ်ကြီးငြိမ်သက်သွားသည်။ ကန့်လန့်ကာ ဖြည်းဖြည်းချင်းအဖွင့်၌ ဘုရားကန်တော့ခန်းကို စတင်မြင်တွေ့လိုက်ရသည်။ အရုပ်များကို သက်ရှိလူသားများသဖွယ် လိုရာကြိုးဆွဲပြီး ဘုရားကန်တော့ခန်း တင်ဆက်နေမှုမှာ ပီပြင်လှသည်။

စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာသီရိရုပ်စုံအဖွဲ့ တင်ဆက်ယှဉ်ပြိုင်ရမည့် ဇာတ်တော်မှာ ငါးရာ့ငါးဆယ်နိပါတ်တော်များမှ ကလ္လိသဒ္ဒိစိတ္တ ဇာတ်တော်ဖြစ်ရာ စိတ်ဝင်စားဖွယ်၊ သတိသံဝေဂရဖွယ်ဖြစ်သည်။ ဘုရားကန်တော့ခန်းပြီးနောက်

“ဇာတ်ရုပ်နဲ့အံဝင်ခွင်ကျဖြစ်အောင် ဆိုင်းတီးပေးရတာ မလွယ်ပါဘူး”

ပန်တျာမင်းဝေ
ဆိုင်းပွဲပိုးတီးပေးသူအဖွဲ့ခေါင်းဆောင်
စစ်ကိုင်းတိုင်း။

လွှတ်တော်ဝန်လေးပါး ထွက်လာသည်။ လွှတ်တော်ဝန်များ၏ ဝတ်စားဆင်ယင်မှု၊ အပြောနှင့်ဟန်ချက်ညီအောင် အရုပ်များကြိုးဆွဲ လှုပ်ရှားမှုများကား အမှားအယွင်းမရှိအောင် ကြိုးစားသွားနိုင်သည်။

အားပေး

ထို့နောက် နေရာတော်ခင်း၊ ဗြဟ္မဒတ်မင်းညီလာခံ ဇာတ်ဝင်ခန်းများတွင် ဘုရင်၊ မှူးမတ် ဝန်ကြီးများ၏ အပြောအဆိုများကလည်း ညီလာခံ၏ ပကတိလှုပ်ရှားမှု မြင်ကွင်းကို ပိုမိုပေါ်လွင်အောင် ထင်ဟပ်ပံ့ပိုးနိုင်လေသည်။ ဘုရင်၊ မှူးမတ် ဝန်ကြီးများ၏ ကိုယ်လက် အစိတ်အပိုင်း လိုအပ်သလောက်ကိုပင် ကြိုးဆွဲလှုပ်ရှားစေကာ ဇာတ်ဝင်ခန်းကို အသက်ဝင်အောင်ဖန်တီးနိုင်ခဲ့သည်။ ပရိသတ်များအားပေးမှုများ ထွက်ပေါ်လာသည်။

နစ်မြော

ဆက်လက်ပြီး နှစ်ပါးသွားခန်း၊ ကလ္လိသသူဌေးအိမ်၊ ကလ္လိသသူဌေးကတော်တို့ ဇာတ်ဝင်ခန်း၊ ကလ္လိသသူဌေး အရက်သောက်ခြင်းကြောင့် အလှူအတန်းပစ်ပယ်ထားပုံ၊ ထို့ကြောင့် ကလ္လိသသူဌေး၏ဖခင် သိကြားမင်းဖြစ်နေသူက ဆုံးမရန်လူ့ပြည်သို့ ဆင်းလာသည့် ဇာတ်ဝင်ခန်းတို့မှာ အပြော၊ အဆိုနှင့် ဆိုင်းတီးလုံးပံ့ပိုးမှုတို့က ညီညွတ်လှသဖြင့် ပရိသတ်ကြီးလည်း နစ်မြောလျက်ရှိနေသည်။

ဇာတ်ရှိန်မြင့်

ထို့နောက်ဖခင်ဖြစ်သူ သိကြားမင်းက ကလ္လိသသူဌေးအတုဖန်ဆင်းပြီး ဗြဟ္မဒတ်မင်း၏ ညီလာခံဝင်ကာ အလှူပေးမည့်အကြောင်း လျှောက်ထားသည့် ဇာတ်ဝင်ခန်း၊ ကလ္လိသသူဌေးကတော်နှင့် အလှူပေးရန် တိုင်ပင်ခန်းနှင့် ကလ္လိသသူဌေးအတုနှင့် သူဌေးကတော်တို့ အယုတ်အလတ် အမြတ်မရွေးဘဲ အလှူပေးခန်း၊ ထိုအချိန် ချုံပုတ်ထဲမှ သူရာရည်သောက်နေသော ကလ္လိသသူဌေးအစစ်က အလှူပေးဝေသော သူ၏ပစ္စည်းများကို မြင်တွေ့ပြီး ပြန်လည်တောင်းဆိုခန်းများက ဇာတ်ရှိန်အမြင့်ဆုံး ဇာတ်ဝင်ခန်းများပင်ဖြစ်သည်။

ဟန်ချက်ညီ

တစ်ဖန် ကလ္လိသသူဌေးအတုနှင့် အစစ်ခွဲခြားပေးရန် ဗြဟ္မဒတ်မင်းကို တင်ပြခန်း၊ ကလ္လိသသူဌေးအစစ်တွင် ဦးခေါင်းဆံပင်ကြား၌ မှဲ့ရှိသည်ကိုသိသော ဆတ္တာသည်ကို ရွေးချယ်ဆုံးဖြတ်ခန်း၊ သိကြားမင်းတစ်ဖြစ်လဲ ကလ္လိသသူဌေးအတုကလည်း ဆံပင်ကြား၌ မှဲ့ဖန်ဆင်းလိုက်ရာ ခွဲခြားမရဖြစ်ခန်းနှင့် ကလ္လိသသူဌေးအစစ်မေ့မြောသွားခန်းတို့ကား ဇာတ်ရုပ်နှင့် အပြော၊ အဆို၊ အငို၊ အလွမ်းတို့ ဟန်ချက်ညီစွာ ထိထိခိုက်ခိုက်ဖြစ်အောင် တင်ဆက်နိုင်လေသည်။

တင်ဆက်

ထို့နောက် သိကြားမင်းက ကိုယ်ထင်ပြပြီး သားဖြစ်သူ ကလ္လိသသူဌေးသားအား နတ်ရေစင်ဖြင့် သတိရစေပြီး ဆုံးမခန်း၊ ကလ္လိသသူဌေးလည်း သတိသံဝေဂရပြီး အမျိုးအနွယ်မပျက် အလှူဒါနပြုပါမည့်အကြောင်း ဝန်ခံကတိပြုခန်း၊ သိကြားမင်းလည်း ကောင်းချီးပြုပြီး နတ်ပြည်ပြန်ခန်းနှင့် ဇာတ်တော်ပေါင်းခန်းတို့ကို မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် တင်ဆက်ယှဉ်ပြိုင်သွားနိုင်ရာ ပရိသတ်အားပေးလက်ခုပ်သံများ စည်ဝေနေအောင် စွမ်းဆောင်ယှဉ်ပြိုင်သွားနိုင်ခဲ့သည်။

“ဇာတ်ဝင်ခန်းတိုင်း အားရကျေနပ်ပါတယ်”

ပန်တျာဦးမြကြည်
ဇေယျာသီရိရုပ်စုံအဖွဲ့ခေါင်းဆောင်
စစ်ကိုင်းတိုင်း။

ပြောကြား

ယှဉ်ပြိုင်မှုအပြီး စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာသီရိရုပ်စုံ အဖွဲ့

“ကလ္လိသမင်းသားရုပ်ကို အဓိက ဆွဲပေးပါတယ်”

ဦးစိန်မောင်ဝင်း
ကြိုးဆွဲပညာရှင်
စစ်ကိုင်းတိုင်း။

ခေါင်းဆောင်ပန်တျာဦးမြကြည်ကို မြန်မာ့အလင်းသတင်းအဖွဲ့ တွေ့ဆုံမေးမြန်းခဲ့ရာ “ကြိုးစားပြီး ယှဉ်ပြိုင်ခဲ့တာပါပဲ၊ ပြိုင်ပွဲမဝင်ခင် အရုပ်၊ အသံ၊ အတီးတွေကို အရင်လေ့ကျင့်ပြီးမှ ဇာတ်ဝင်ခန်းပစ္စည်းအစုံအလင်နဲ့ စနစ်တကျ လေ့ကျင့်ပြင်ဆင်ခဲ့တာပါ။ ဇာတ်ဝင်ခန်းတိုင်း အားရကျေနပ်ပါတယ်။ စိတ်တိုင်းအကျဆုံးကတော့ ကလ္လိသသူဌေးသားအတု အလှူပေးမှုကြောင့် အထင်လွဲပြီး ကလ္လိသ သူဌေးအစစ်က ဘုရင်ထံ လျှောက်ထားတဲ့ အခန်းပါပဲ”ဟု ပြောကြားသွားသည်။

ရှင်းပြ

တစ်ဖန် ဇေယျာသီရိ ရုပ်စုံအဖွဲ့မှ ကြိုးဆွဲပညာရှင် ဦးစိန်မောင်ဝင်းကလည်း “ကျွန်တော့်အနေနဲ့ ကလ္လိသမင်းသားရုပ်ကို အဓိက ဆွဲပေးပါတယ်။ ဒါပေမယ့် အခြားအရုပ်တွေလဲ ဆွဲပေးရတာပါပဲ။ ကြိုးမရှုပ်အောင်၊ အဆို၊ အငို၊ အပြောတွေနဲ့လိုက်ဖက်အောင် စိတ်သွင်းခံစားပြီး အရုပ်ကြိုးဆွဲပေးရတာမို့ ဇာတ်တော်ပြီးတဲ့ အထိအားထည့်ခဲ့ရပါတယ်”ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထို့အပြင် ဆိုင်းပွဲပိုးတီးပေးသူအဖွဲ့ခေါင်းဆောင် ပန်တျာမင်းဝေကလည်း “ဇာတ်ရုပ်နဲ့ အံဝင်ခွင်ကျဖြစ်အောင် ဆိုင်းတီးပေးရတာမလွယ်ပါဘူး၊ဇာတ်ရုပ်အလှုပ်၊ အဆို၊ အငို၊ အပြောတွေနဲ့ အဝင်အထွက် မှန်အောင် အာရုံစိုက်ပြီး တီးပေးရတာပါ။ အကြိမ်ကြိမ်လေ့ကျင့်ခဲ့ပြီးမှ ပြိုင်ပွဲဝင်ယှဉ်ပြိုင်တာမို့ အမှားအယွင်းမဖြစ်ခဲ့ပါဘူး” ဟု ဆက်လက်ရှင်းပြသည်။

အားရ

စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာသီရိရုပ်စုံအဖွဲ့တွင် လူအင်အား၂၀နှင့် ဇာတ်ရုပ်ပေါင်း၃၀ကျော်တို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။ အနုပညာအင်အားအပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်မှာ အားရဖွယ်ပင်ဖြစ်သည်။

ရုပ်စုံပြိုင်ပွဲအပြီး ပြိုင်ပွဲဝင်ခန်းမမှ ပြန်ထွက်ချိန်၌ ည၉နာရီ။ မြန်မာ့ရိုးရာအနုပညာစစ်စစ်ဖြစ်သော မြန်မာ့ရုပ်စုံကားနိုင်ငံတော်က ပြိုင်ပွဲကြီးများ ပြုလုပ်ကျင်းပပေးနိုင်မှုကြောင့် ခက်လက်ဝေဖြာဆက်လက်တိုးတက်နေမည်ဟု နေပြည်တော်တပ်ကုန်းသို့အပြန် ခရီးတစ်လျှောက်၌ တွေးနေမိပါတော့သည်။ ။

(မြန်မာ့အလင်း)

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းကိုယ်စားပြု ကလ္လိသဒ္ဒိစိတ္တ ဇာတ်တော်၏ ဇာတ်ဝင်ခန်းတစ်ခန်း။ (မြန်မာ့အလင်း)

ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီး

* ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးလည်း
ဝှဲချီးကျင်းပ၊ မပျက်ရအောင်
ကာလစစ်ဖွဲ့၊ ရေတွက်ခဲ့သော်
တစ်ဆယ့်ခွန်နှစ်၊ ထူးသစ်ရွှန်းပြောင်
မျိုးဂုဏ်ရောင်ကို၊ ဖော်ဆောင်နိုင်ခဲ့ပြီ။

* ဒို့သွေးဒို့သား၊ ဒို့ညီဖွားတို့
တစ်သားတည်းရှိ၊ ညီညွတ်ဘိကာ
ကိုယ့်၏မျိုးဂုဏ်၊ လွှမ်းကာခြုံ၍
ပုံဖော်ခင်းကျင်း၊ ပြသခြင်းဖြင့်
ထင်လင်းတောက်ပ၊ စဉ်တက်ကြွအောင်....။

* အမျိုးဇာတိ၊ တုမရှိသော
ထိမိကျိုးပြု၊ ယဉ်ကျေးမှုကို
ပြုစုထိန်းသိမ်း၊ မယိမ်းမပျောက်
စဉ်စောင့်ရှောက်၍၊ မဖောက်ပြန်ဘဲ
သရုပ်ကွဲအောင်....။

* ငါတို့လူမျိုး၊ စိတ်ဓာတ်ရိုးပုံ
အမျိုးကိုမြှင့်၊ တန်ဖိုးဆင့်ကာ
ကိုယ်ကျင့်တရား၊ မဖောက်ပြားဘဲ
ထူးခြားပုံဖော်၊ သရုပ်ပေါ်အောင်.....။

* မျိုးချစ်စိတ်ဓာတ်၊ ရင်ဝယ်အပ်၍
တည့်မတ်လမ်းစဉ်၊ ရှေ့တန်းတင်ကာ
စွမ်းအင်ထက်မြက်၊ ပြည်သူ့ဘက်မှ
မျိုးဆက်သစ်များ၊ ပွားပြီးပွားလျက်
ထူးခြားရှေ့ဆောင်၊ မီးရှူးရောင်သို့
လူ့ဘောင်လောက၊ မှုန်းခြယ်သမည့်
ဂီတသဘင်၊ အစဉ်အလေးပြု
ယဉ်ကျေးမှုဖြင့် ကျိုးပြုစွမ်းဆောင်
စေချင်တကား။ ။

မောင်ရည်တင့်(မအူပင်)

ထီးချိုင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တူညီဝတ်စုံပေးအပ်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

ထီးချိုင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဆောင်းရာသီအနွေးထည် တူညီဝတ်စုံပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက်က အဆိုပါရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးဦးနိုင်အေးက အမျိုးသားဝန်ထမ်းများကိုယ်စား မြို့နယ်ဒုတိယဦးစီးမှူး ဦးသောင်းညွန့်သွင်သို့လည်းကောင်း၊ မြို့နယ်မိသားစုစည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၏ဇနီး ဒေါ်မေမျိုးအေးက အမျိုးသမီးဝန်ထမ်းများကိုယ်စား အငယ်တန်းစာရေး ဒေါ်ဝင်းဝင်းထံသို့လည်းကောင်း တန်ဖိုးငွေကျပ် နှစ်သိန်းသုံးထောင်တန်ဖိုးရှိ ဆောင်းရာသီအနွေးထည်တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။ (၁၁၃)

စီးပွားရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

WISE အင်တာနေရှင်နယ်၏ စီစဉ်မှုဖြင့် အောက်တိုဘာ ၃၁ရက်(စနေနေ့) မွန်းလွဲ၁နာရီမှ ညနေ၄နာရီအထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင် တကောင်းခန်းမ၌ ခင်မောင်ညို(ဘောဂဗေဒ)က စီးပွားရေးလုပ်ငန်း ကိုယ်ကျင့်တရားနှင့် ကြွယ်ဝချမ်းသာမှု ခေါင်းစဉ်ဖြင့် ဟောပြောပြီး abe ဘာသာရပ်ဆိုင်ရာ သင်တန်းများအကြောင်းကို မိတ်ဆက်ရှင်းလင်းမည်ဖြစ်၍ တက်ရောက်လိုသူများသည် ဖုန်း-၅၅၆၁၈၃ နှင့် ၀၉-၅၁-၅၇၀၃၂ တို့သို့ ဆက်သွယ်စာရင်းပေးကာအခမဲ့တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

ဒေးဒရဲမြို့နယ် လူမှုရေးအသင်း(ရန်ကုန်) နေ့ချင်းပြန် ရေလမ်းခရီးသွားမည်

ရန်ကုန် အောက်တိုဘာ ၂၇

ဒေးဒရဲမြို့ လူမှုရေးအသင်း(ရန်ကုန်)မှ အသင်းဝင်များ၊ အသင်းဝင်များ၏ မိတ်ဆွေသင်္ဂဟများ စုပေါင်း၍ ပြန်လည်တွေ့ဆုံပွဲကို ဒေးဒရဲမြို့၌ ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၁ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက် ၆နာရီခွဲတွင် မော်တင်ဆိပ်ကမ်းမှ ဧရာဝတီ သုံးထပ်သင်္ဘောဖြင့် နေ့ချင်းပြန်ခရီးထွက်ခွာရန် စီစဉ်ထားသည်။

အဆိုပါ ခရီးစဉ်တွင် လိုက်ပါလိုသော မိတ်ဆွေသင်္ဂဟမိသားစုများသည် ဦးမျိုးလွင် ဖုန်း-၅၄၄၂၇၃၊ ဦးစိုးသိန်း ဖုန်း-၂၄၅၉၂၃၊ ၀၉-၅၁-၃၆၇၈၉၊ ဒေါ်ခင်စောလှ ဖုန်း-၅၀၀၁၆၁၊ ဒေါ်ခင်ရီ ဖုန်း-၅၂ ၄၂၅၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၁၃၅)

အာဆီယံ + ၃ ထိပ်သီးစည်းဝေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ရှိ Royal Dusit Grand Ballroom (A)၌ ကျင်းပသည့် (၁၂) ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးသို့တက်ရောက်စဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

အဆိုပါ ထိပ်သီးအစည်းအဝေးမစတင်မီ မြန်မာနိုင်ငံအပါအဝင်အာဆီယံ နိုင်ငံခေါင်းဆောင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် (၁၂)ကြိမ်မြောက် အာဆီယံ+၃ထိပ်သီးအစည်းအဝေးကို မွန်းလွဲ ၁နာရီခွဲတွင် စတင်ကျင်းပရာ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ အိမ်ရှင် ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စတာအပီဆစ်ဝဲ့ချာချီဝက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အစည်းအဝေး အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အမြင်ချင်းဖလှယ်

အာဆီယံ+၃ ထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံခေါင်းဆောင်များနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ်၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတတို့သည် အရှေ့အာရှလွတ်လပ်သည့် ကုန်သွယ်မှုဒေသ ထူထောင်ရေး၊ စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေး၊ ကမ္ဘာ့လူတုပ်ကွေးရောဂါတားဆီးရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံ+၃ အရေးပေါ် အရန်ဆန်ထားရှိရေးစီမံချက် အကောင်အထည်ဖော်ရေး၊ သဘာဝဘေးအန္တရာယ် ပူးပေါင်းကာကွယ်တားဆီးရေး၊ ရာသီဥတုပြောင်းလဲမှု၊ ဘဏ္ဍာရေးနှင့် စီးပွားရေး အခက်အခဲများမှ ကျော်လွှားရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားလက်နက်ကင်းစင်ရေး ပူးပေါင်းဆောင်ရွက်နေမှုများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အသိပေးပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများအခြေအနေ၊ ဒီမိုကရေစီစနစ်သို့ နိုင်ငံရေးရှေ့လုပ်ငန်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် အရေးကြီးဆုံး အဆင့်ဖြစ်သည့် ရွေးကောက်ပွဲကို ၂၀၁၀ခုနှစ်တွင် ကျင်းပသွားရေး ဆောင်ရွက်နေမှု၊ ဒီမိုကရေစီ ဖော်ဆောင်နေမှုအခြေအနေများကို အသိပေးပြောကြားသည်။

ထို့နောက် (၇)ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေးကို ညနေ ၄နာရီတွင် Royal Dusit Grand Ballroom (A) ၌ပင် ဆက်လက်ကျင်းပရာ အိမ်ရှင်ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအပီဆစ်ဝဲ့ချာချီဝက သဘာပတိအဖြစ် ဆောင်ရွက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အဆိုပါ ထိပ်သီးအစည်းအဝေး မစတင်မီ အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့သည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

လျှော့နည်းကျဆင်းေ

ထိပ်သီးအစည်းအဝေးတွင် အိန္ဒိယသမ္မတနိ
အိန္ဒိယနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်န
များ ကြိုတင်ကာကွယ်ရေးအတွက် သတင်း
ဆောင်ရွက်ရေးနှင့် အာဆီယံနိုင်ငံများအကြား ပ
လျှော့နည်းကျဆင်းရေးတို့ကို ဆွေးနွေးသည်။

ဆွေးနွေး

ယင်းနောက် အာဆီယံနိုင်ငံများမှ နိုင်ငံအ
အကဲများက အာဆီယံ-အိန္ဒိယ ပူးပေါင်းဆောင်ရွ
အကောင်အထည်ဖော်ရေး၊ စားနပ်ရိက္ခာနှင့် စွမ
ပတ်ဝန်းကျင်များ ပျက်စီးမှုမရှိရေး ထိန်းသိမ်းေ
ပွင့်လင်းစွာ ဆွေးနွေးကြပြီး (၇)ကြိမ်မြောက် အာ
အဝေးကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြ
ခေါင်းဆောင်များနှင့် တရုတ်ပြည်သူ့သမ္မတနိ
သမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရ
ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hot
Ballroom(A) ၌ ကျင်းပသည့် (၁၂)ကြိမ်မြ
အစည်းအဝေးတွင် စုပေါင်းမှတ်တမ်းတင်ဓ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ရှိ Royal Dusit Grand Ballroom (A) ၌ ကျင်းပသည့် (၁၂) ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီး အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ရှိ Royal Dusit Grand Ballroom (A) ၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အာဆီယံ-ကိုရီးယား ထိပ်သီးစည်းဝေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ရှိ Royal Dusit Grand Ballroom (A) ၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးသို့တက်ရောက်စဉ်။(သတင်းစဉ်)

အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၀၉ခုနှစ် (၂၅)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့် အောက် တပ်မတော်(ကြည်းရေလေ) ဘောလုံးပြိုင်ပွဲ ဒုတိယ အကြိုဗိုလ်လုပွဲကို နေပြည်တော်ရှိ အမှတ်(၁) အားကစားကွင်း၌ ယနေ့ညနေပိုင်းတွင် ကျင်းပရာ တပ်မတော်(လေ) အသင်းက အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ပိုင်းစွန်းဒေသများ၌ မိုးအနည်းငယ် ဆက်လက်ထစ်ချုန်းရွာမည်

ရန်ကုန် အောက်တိုဘာ ၂၇

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင်နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

<u>အောက်တိုဘာ ၂၈ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း၆၀ ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအနည်းငယ်သာ ရှိမည်။

<u>နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ် ဆက်လက်ထစ်ချုန်းရွာမည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

<u>ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိသည်။ ရာနှုန်း ၄၀ ဖြစ်သည်။

<u>မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်</u> တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ရှိ Royal Dusit Grand Ballroom(A) ၌ ကျင်းပ
အာဆီယံ-အိန္ဒိယထိပ်သီး အစည်းအဝေးသို့ တက်ရောက်စဉ်။

လျော့နည်းကျဆင်းရေး

ထိပ်သီးအစည်းအဝေးတွင် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်က အာဆီယံ-အိန္ဒိယနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးအတွက် သတင်းအချက်အလက်များ ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်လျော့နည်းကျဆင်းရေးတို့ကို ဆွေးနွေးသည်။

ဆွေးနွေး

ယင်းနောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက အာဆီယံ-အိန္ဒိယ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များ တိုးချဲ့အကောင်အထည်ဖော်ရေး၊ စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်များ ပျက်စီးမှုမရှိရေး ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး (၇)ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ရှိ Royal Dusit Grand Ballroom(A) ၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် အထက(၃)မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၇

သဃ်န်းကျွန်းမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၃၁ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်းမြညီလာခန်းမ၌ ညှိနှိုင်းအစည်းအဝေး ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးတိုင်း ပြန်/ဆက်လက်ထောက်ညွှန်ကြားရေးမှူး သရက်ခရိုင်ဝန်ထမ်းများနှင့် လုပ်ငန်းညှိနှိုင်း

သရက် အောက်တိုဘာ ၂၇

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးတိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းသည် အောက်တိုဘာ ၁၄ ရက်က သရက်ခရိုင်ရုံး၌ ခရိုင်ဦးစီးအရာရှိ ဦးလှမျိုးအောင်၊ သရက်၊ အောင်လံ၊ ကံမမြို့နယ်ဦးစီးမှူးများ၊ ခရိုင် ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းပြီး စံ(၅)ချက်နှင့် ညီညွတ်သည့်စာကြည့်တိုက်များ သတ်မှတ်ကာလ ပြီးစီးရေး၊ နိုင်ငံတော်ခွင့်ပြုငွေဖြင့်ဆောက်လုပ်မည့်ကျေးရွာစာကြည့်တိုက်များအား စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလ ပြီးစီးရေး ကြပ်မတ် ဆောင်ရွက်ရန်၊ စာဖတ်သူ၊ စာငှားသူများ တိုးပွားအောင် စည်းရုံးဆောင်ရွက်ရေး စသည်တို့ကိုဆွေးနွေးသည်။

သုံးသပ်ဆွေးနွေး

ထို့နောက် ခရိုင်ဦးစီးအရာရှိက ဒုတိယလေးလပတ် (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ) လျာထားချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ မြို့နယ် ဦးစီးမှူးများက မြို့နယ်အလိုက်ဆောင်ရွက်နိုင်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြကြသည်။ ထို့နောက် တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက တင်ပြချက်များအပေါ် သုံးသပ် ဆွေးနွေးခဲ့သည်။

(ခရိုင် ပြန်/ဆက်)

နိုဝင်ဘာလထုတ် မြဝတီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် အောက်တိုဘာ ၂၇

(၅၇)နှစ်မြောက် မြဝတီမဂ္ဂဇင်းကို ဂုဏ်ပြုသောအားဖြင့် ပန်းချီကျော် ဆရာမောင်မောင်သိုက် ရေးဆွဲခြယ်မှုန်းထားသည့် စစ်သည်စာဆို မြဝတီမင်းကြီး ဦးစ၏ ပန်းချီမျက်နှာဖုံးနှင့်အတူ မောင်ဟေမာ၊ မြင်းမူမောင်နိုင်မိုး၊ ဒေါက်တာ ထီလာစစ်သူ၊ ကို(တက္ကသိုလ်)၊ မောင်ဆွေငယ်၊ သူရဇော်၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ ညွှန့်ဝေ(ကသာ)၊ စစ်မင်း (တောင်တွင်း)၊ မြေလတ်မောင်မြင့်သူ၊ မင်းရွှေမင်း(အင်းစိန်)၊ သိပ္ပံစိုးမြင့်နိုင်၊ ခြိမ့်နိုင်၊ တက္ကသိုလ်စိုးယဉ်တို့၏ ဂုဏ်ပြုကဗျာများ၊ ကာတွန်းငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ သစ်ထွဏ်း၊ စည်သူကျော်နှင့် စိုးခတို့၏ ကာတွန်းလက်ရာများအပါအဝင် ရှင်ဉာဏ(ဖျာပုံ)၊ လေးမြိုင်၊ ကိုဆောင်း၊ဗိုလ်ကလေးတင့်အောင်၊ မကြန်၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ ငွေးမောင်၊ ထွန်းဦးတင်၊ ဦးအောင်သိမ်းမြတ်၊ မောင်ခင်မင်(ဓနုဖြူ)၊ ပီကျော်ဟန်၊ ချစ်နိုင်(စိတ်ပညာ)၊ တက္ကသိုလ်တင်ခ၊ ဆောင်းဝင်းလတ်၊ တက္ကသိုလ်သခ်၊ မောင်စူးစမ်း၊မောင်မြင့်ကြွယ်၊ စိုးဝင်း(မြစ်ခြေ)၊ တက္ကသိုလ်လှကြွယ်၊ပန်းတောင်းသန်းကြွယ်၊ရွှေမြိတ်သောင်းတင်၊ တက္ကသိုလ်မြတ်သူ၊ လှဘုန်းအောင်၊ ဂွမ်းဖြူဇင်၊ မောင်ကြည်သန်း၊ စံဇာဏီဘို၊ မောင်နှင်းလှိုင် (ထမင်းဈေး)တို့၏ သုတရသစုံလင်သည့် ဆောင်းပါးတို့ကို ဖတ်ရှုကြရမည်ဖြစ်ပြီး တင်သန်းဦး၊ နိုင်ဇော်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မျိုးမြင့်အောင်၊ သောင်းဝေဦး၊ မင်းယုဝေနှင့် မောင်မြင့်ကြွယ်တို့၏ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်သန်စေမှုရသ၊ ကျေးလက်သဘာဝရသများ အပြင် မေတ္တာဖွဲ့ရသများပါဝင်သည့် ဝတ္ထုများကို ဖတ်ရှုကြရမည်ဖြစ်သည်။

ဝယ်ယူဖတ်ရှုနိုင်

မြဝတီမဂ္ဂဇင်းကို အမှတ်၂၀၆၊ ၃၁လမ်းအထက် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ်၁၅ တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃သို့ ဆက်သွယ်မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၊ ရှိ Royal Dusit Grand Ballroom(A) ၌ ကျင်းပသည့် (၇)ကြိမ်မြောက်

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၀-၂၀၀၉ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၀ ၇။ အတီးပြိုင်ပွဲ
၈း၂၀ ၈။ ဝေန်မြစ်(မြို့ကွင်း)တံတား
၈း၃၀ ၉။ တေးဂီတအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ Connect With English (Episode-28) (Brothers)
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၂၀ ၃။ အကပြိုင်ပွဲ
၄း၃၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူး) (ရူပဗေဒ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၇။ သီချင်းကြီးပဒေသာ
၅း၁၀ ၈။ သတင်းကောင်း
၅း၂၅ ၉။ တေးဂီတအစီအစဉ်
၅း၃၅ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၄၀ ၁၁။ စုပါတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆း၃၅ ၁၅။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇း၀၀ ၁၆။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၇း၂၀ ၁၇။ နွဲလိုက်စို့ တူပျော်ပျော် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်
၇း၃၅ ၁၈။ အဓမ်းစိုးမြင့်ဝိုင်း သံစုံတူရိယာအဖွဲ့ဖျော်ဖြေခန်း
၈း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ**
၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (တတိယတွဲ) (အပိုင်း-၁၇)
၂၄။ မြန်မာဗီဒီယိုဇာတ်လမ်း **ပျော်ပါရစေ** လွင်မိုး၊ နဝရတ် [ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)]

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက IP Network အပေါ်၌ Voice Service အလုပ်လုပ်ပုံကို ကောင်းမွန်စွာ နားလည်စေရန် ရည်ရွယ်၍ အောက်တိုဘာ ၃၁ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် ပင်မဆောင်ရှိ အခန်း ၂၀၅၌ ဦးကျော်နိုင် (Yatanarpon Teleport) က "IP Telephony" ခေါင်းစဉ်ဖြင့် ဟောပြောမည် ဖြစ်သည်။

ဆက်သွယ်နိုင်

ယင်းဟောပြောပွဲသို့ Networking, Tele Communication အစရှိသည်နှင့်စပ်လျဉ်း၍ အလုပ်လုပ်နေသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြပြီး အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ရုံးခန်း အဆောင်၄ အခန်း ၄ ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နေပြည်တော်တွင် ဒသမနေ့အဖြစ် ခြိမ့်ခြိမ့်သဲ ဆက်လက်ကျင်းပ

ကွက်စိပ်ပြိုင်ပွဲ ဟောပြောယှဉ်ပြိုင်၊ ဆိုင်းတစ်ဦးချင်းအပါအဝင် အဆို၊ အက၊ အတီးပြိုင်ပွဲများဆင်နွှဲ

နေပြည်တော် အောက်တိုဘာ ၂၇

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ကဏ္ဍအလိုက်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ ဒသမနေ့အဖြစ် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါ ပြိုင်ပွဲများသို့ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မင်းဇော်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာခိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ ဇဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ် ပညာရှင်များ၊ ပြိုင်ပွဲဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများနှင့် လေ့လာရေးအဖွဲ့ဝင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို လေးစားမြတ်နိုး တန်ဖိုးထားကြသော ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အဆိုပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး ခေတ်ဟောင်း၊ ကာလပေါ်တေး အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး ဒေါ်မေပြုံးခိုင်နှင့် ဇဟိုအကဲဖြတ် ပညာရှင်များက ကြီးကြပ်၍ ခေတ်ဟောင်း ကာလပေါ် အဆိုအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးမင်းနောင်နှင့် အကဲဖြတ် ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြသည်။

သီဆိုပြိုင်ပွဲဝင်

ပြိုင်ပွဲတွင် **'ဗုဒ္ဓသာသနံစိရံတိဋ္ဌတု'** သီချင်းဖြင့် ရန်ကုန်တိုင်းမှ မခင်ဘုန်းပွင့်စံ၊ မကွေးတိုင်းမှ မဝင်းလဲ့ဖြိုး၊ ရန်ကုန်တိုင်းမှ မချစ်နှင်းဖြူ၊ မန္တလေးတိုင်းမှ မအေးမြတ်သူနှင့် မမိုင်းမိုင်းခန့်၊ မွန်ပြည်နယ်မှ မနီတာလင်း၊ ပဲခူးတိုင်းမှ မခင်ရတနာစိုး၊ ဧရာဝတီတိုင်းမှ မဟန်နီအောင်၊ ရခိုင်ပြည်နယ်မှ မချစ်သက်စုစံ၊ စစ်ကိုင်းတိုင်းမှ မသက်မြတ်နိုးဦး၊ ကရင်ပြည်နယ်မှ မဝင့်နဒီလွင်၊ ကချင်ပြည်နယ်မှ မနန်းသဇင်ထွန်း(ခ) ဘိုမနှင့် ရှမ်းပြည်နယ်မှ မဖြိုးပြည့်စုံကျော်တို့ သီဆို ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် ပြိုင်ပွဲအစီအစဉ်များကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား ခေတ်ဟောင်း၊ ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ **'မိန်ရာသီ'** သီချင်းဖြင့် ရှမ်းပြည်နယ်မှ မောင်ရဲမြတ်သူ၊ ကရင်ပြည်နယ်မှ မောင်စိုင်းခမ်းဝမ်းလုံ၊ ကချင်ပြည်နယ်မှ မောင်ဇေယျာပိုင်၊ ပဲခူးတိုင်းမှ မောင်အောင်မြင့်မြတ်၊ မန္တလေးတိုင်းမှ မောင်ရဲသူရလွင်နှင့် မောင်ထက်အောင်လှိုင်၊ ရန်ကုန်တိုင်းမှ မောင်ဝဏ္ဏထွန်း၊ မွန်ပြည်နယ်မှ မောင်ကျော်ဇင်လတ်၊ တနင်္သာရီတိုင်းမှ မောင်ညီညီစိုး၊ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်၊ ဧရာဝတီတိုင်းမှ မောင်နိုင်နိုင်၊ မကွေးတိုင်းမှ မောင်အံ့ညြရ၊ စစ်ကိုင်းတိုင်းမှ မောင်ငြိမ်းချမ်းအောင်နှင့် ရခိုင်ပြည်နယ်မှ မောင်မျိုးမြတ်ဟိန်းတို့ သီဆို ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသမီး ဆိုင်း (တစ်ဦးချင်း)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မဝင်းနန္ဒာလွင် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ကာလပေါ်တေး

ဆက်လက်၍ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ခေတ်ဟောင်း၊ ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် **'ဖွားဖက်တော်ခုနစ်ပါး မှတ်သားဖွယ်ရာ'** သီချင်းဖြင့် ပဲခူးတိုင်းမှ ဒေါ်ဝတ်ရည်ထွန်း၊ မကွေးတိုင်းမှ မချိုမာဝင်း၊ ကချင်ပြည်နယ်မှ ဒေါ်ဝင်းကျော့နွယ်၊ ရန်ကုန်တိုင်းမှ ဒေါ်ထူးသန္တာကျော်၊ ချင်းပြည်နယ်မှ မနွယ်နွယ်ယဉ်၊ ရန်ကုန်တိုင်းမှ ဒေါ်မူမူဆွေ၊ တနင်္သာရီတိုင်းမှ ဒေါ်မာမာစိန်၊ ရခိုင်ပြည်နယ်မှ ဒေါ်ခင်အေးချို၊ ကရင်ပြည်နယ်မှ မစန်းစန်းဌေး၊ မန္တလေးတိုင်းမှ မသင်းသင်းခိုင်၊ စစ်ကိုင်းတိုင်းမှ ဒေါ်မီမီခိုင်၊ မွန်ပြည်နယ်မှ မမြပန်းစံအိမ်၊ ရှမ်းပြည်နယ်မှ ဒေါ်တင်မာလှိုင်၊ ဧရာဝတီတိုင်းမှ ဒေါ်ချောစုစံ၊ မန္တလေးတိုင်းမှ မနန္ဒာလင်းနှင့် ကယားပြည်နယ်မှ ဒေါ်ခင်ညိုတို့ သီဆို ပြိုင်ပွဲဝင်ကြသည်။

ကွက်စိပ်ပြိုင်ပွဲ

ကွက်စိပ်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) **'သောတ္ထိသေနသမ္ဘူလ'** ဇာတ်တော်ကြီး ကွက်စိပ်ပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကွက်စိပ် အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဦးတင်စိုးခေါင်းဆောင်သော အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြပြီး ဧရာဝတီတိုင်းမှ ဦးမိုးလေးက ဦးလှိုင်ဝင်းဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မန္တလေးတိုင်းမှ ဦးတက်လူက မန္တလေးစိန်ကုလားဆိုင်းအဖွဲ့နှင့်တွဲဖက်၍လည်းကောင်း၊ ရန်ကုန်တိုင်းမှ ဦးနေဝင်းထွဋ်က ဟိန်းရာဇာဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ ရန်ကုန်တိုင်းမှ ဦးစိုးသန်းထွန်းက ဟိန်းရာဇာဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ စစ်ကိုင်းတိုင်းမှ ဦးဇော်မှူးက အောင်ဇော်မြင့်ဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း ဟောပြော ပြိုင်ပွဲဝင်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး ပတ္တလား အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ ပတ္တလား အကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးမြစတင်းနှင့် အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'ထံတျာတေရှင်'**(ကြိုး) သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မကျော်တွယ်တာဟိန်း၊ မွန်ပြည်နယ်မှ မသင်းသဇင်၊ မန္တလေးတိုင်းမှ မအိသန္တာအောင်၊ ကချင်ပြည်နယ်မှ မဆုမြတ်နဒီမောင်၊ ပဲခူးတိုင်းမှ မသံစဉ်ယွန်း၊ ရန်ကုန်တိုင်းမှ မအိဖြိုးသက်နိုင်ဦး၊ ဧရာဝတီတိုင်းမှ မဟန်နီထွန်း၊ ရန်ကုန်တိုင်းမှ မသဲအိအိသွယ်နှင့် မန္တလေးတိုင်းမှ မပုန်းညက်ဖြူတို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

အဆင့်မြင့်ပညာအဆင့် အမျိုးသမီး တယောပြိုင်ပွဲတွင် ကယားပြည်နယ်မှ မနော်ဒိုနေထူး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ထို့နောက် မွန်းလွဲ ၁နာရီတွင် ပြိုင်ပွဲအစီအစဉ်များကို ပြန်လည် ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲ၌ **'ကြောက်ဖွယ့်ဘုန်းတန်း'**(ကြိုး)သီချင်းဖြင့် ပဲခူးတိုင်းမှ ပန်တျာမြသန်းဝင်း၊ ဧရာဝတီတိုင်းမှ ဧရာဝတီ လှိုင်မင်း၊ မကွေးတိုင်းမှ ဦးမြမင်းဗိုလ်၊ မန္တလေးတိုင်းမှ ဦးကောင်းသန့်၊ မွန်ပြည်နယ်မှ ဦးချမ်းသာ၊ မန္တလေးတိုင်းမှ ဦးကျော်မိုးနိုင်နှင့် ရန်ကုန်တိုင်းမှ ဦးခင်ရီနှင့် ဦးဟိန်းရာဇာတို့ တီးခတ် ပြိုင်ပွဲဝင်ကြသည်။

တယောအတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား တယောပြိုင်ပွဲကို နံနက် ၉ နာရီတွင် သစ်တောသုတေသန စုဝေးခန်းမ၌ကျင်းပရာ တယော အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးတင်ငွေနှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'ဓမ္မစကၤတော်'** (ကာလပေါ်)သီချင်းဖြင့် မွန်ပြည်နယ်မှ မောင်ဝေယံထွဋ်၊ ရန်ကုန်တိုင်းမှ မောင်စောနိုကီရာဆော့နှင့် မောင်စောဂေဘရယ်ကျော်မြတ်သင်းနှင့် ကချင်ပြည်နယ်မှ မောင်ဒါရှီဇိုင်ဂျတ်နော်တို့ ပြိုင်ပွဲဝင်ကြသည်။

အမျိုးသမီး

ဆက်လက်၍ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး တယောပြိုင်ပွဲတွင် **'သာယာသာယာ'** (ကြိုး)သီချင်းဖြင့် ပဲခူးတိုင်းမှ မဆုပြည့်ပြည့်အောင်၊ ရန်ကုန်တိုင်းမှ မနှင်းဆီမင်းအေး၊ မနော်မူဆဲဝင်းနှင့် ဧရာဝတီတိုင်းမှ မသူဇာကြည်တို့ ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ ၁နာရီတွင် ပြိုင်ပွဲအစီအစဉ်များကို ပြန်လည်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသား တယောပြိုင်ပွဲတွင် **'ထောင်ရောင်နေ'**(ကြိုး)သီချင်းဖြင့် တနင်္သာရီတိုင်းမှ မောင်ဟိန်းကိုကို၊ စစ်ကိုင်းတိုင်းမှ မောင်ရဲရင့်ကိုကို၊ ကချင်ပြည်နယ်မှ မောင်ဆွတ်ဆိုင်းအောင်နှင့် ရန်ကုန်တိုင်းမှ မောင်သန်းစိုးလွင်နှင့် မောင်သက်လွင်အောင်ထွန်းတို့ ယှဉ်ပြိုင်ကြသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့် အမျိုးသမီး တယောပြိုင်ပွဲတွင် **'မေတ္တာဂုဏ်'**(ကာလပေါ်)သီချင်းဖြင့် မန္တလေးတိုင်းမှ မစန်းစန်းဝေ၊ ရန်ကုန်တိုင်းမှ မစန်းမြမြ၊ ကယားပြည်နယ်မှ မနော်ဒိုနေထူးနှင့် မန္တလေးတိုင်းမှ မချစ်ပို့ပို့တို့ ယှဉ်ပြိုင်ကြသည်။

ဆိုင်း(တစ်ဦးချင်း)

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး ဆိုင်း(တစ်ဦးချင်း)ပြိုင်ပွဲကို နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ဆိုင်းအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် ဇဟိုအကဲဖြတ်ပညာရှင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ် ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'ဇမ္ဗူတောင်ညာ'**(ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်၊ စစ်ကိုင်းတိုင်းမှ မရွှေရည်စန်းလွင်၊ ပဲခူးတိုင်းမှ မဝေဝေလွင်နှင့် မကွေးတိုင်းမှ မနှင်းအိခိုင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

တီးခတ်ယှဉ်ပြိုင်

ဆက်လက်၍ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသမီး ဆိုင်း (တစ်ဦးချင်း)ပြိုင်ပွဲကိုကျင်းပရာ **'ပဗ္ဗတာဟေမဝန်တောင်'**(ယိုးဒယား) သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မဖြူနှင်းခိုင်(ခ) မြန်မာပြည် ဘိုမနှင့် ရန်ကုန်တိုင်းမှ မဝင်းနန္ဒာလွင်နှင့် မနန္ဒာဝင်းဗိုလ်တို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်ကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ ၁နာရီတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ဆိုင်း (တစ်ဦးချင်း)ပြိုင်ပွဲကို ကျင်းပရာ **'ထူးမခြားနား'** (သီချင်းခံ)ဖြင့် ဧရာဝတီတိုင်းမှ မြန်မာပြည်စိမ်း၊ စစ်ကိုင်းတိုင်းမှ မေစန္ဒာဝင်းနှင့် ရန်ကုန်တိုင်းမှ မဝင့်သဥ္ဇာစတင်းနှင့် ဒေါ်လှလှဌေးတို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး ဒသမနေ့ ပြိုင်ပွဲအစီအစဉ်များကို ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ

နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၁၁	၂၈-၁၀-၂၀၀၉ (ဗုဒ္ဓဟူးနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ မဟာဂီတ အဆို၊ မဟာဂီတ	အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသမီး) ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား)	၀၉း၀၀ ၁၃း၀၀
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	ကွက်စိပ်ပြိုင်ပွဲ	ဝါသနာရှင်(ဒုတိယတန်း) (သောတ္ထိသေန သမ္ဘူလဇာတ်)	၀၉း၀၀
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး(မယ်ဒလင်) အတီး(မယ်ဒလင်)	အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး) ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား)(အမျိုးသမီး)	၀၉း၀၀ ၁၃း၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး(ပတ္တလား) အတီး(ပတ္တလား)	အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသား) ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး)	၀၉း၀၀ ၁၃း၀၀
		စိုက်ပျိုးရေး သုတေသန ဦးစီးဌာန (သင်တန်းခန်းမ)	အတီး(ဆိုင်းအဖွဲ့လိုက်) အတီး(ဆိုင်းအဖွဲ့လိုက်)	အဆင့်မြင့်ပညာ(အမျိုးသမီး) ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး)	၀၉း၀၀ ၁၃း၀၀
		အမှတ်(၇) တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်)	ရုပ်စုံသဘင်အဖွဲ့လိုက်	ဣလ္လိသဒ္ဒိစိတ္တဇာတ် (မန္တလေးတိုင်း)	၁၉း၀၀

စစ်တွေ-ပုဏ္ဏားကျွန်းရထားလမ်းပိုင်း တိုင်းမှူးဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၇

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် အောက်တိုဘာ ၁၈ရက် နံနက်ပိုင်းက စစ်တွေ-ပုဏ္ဏားကျွန်း ရထားလမ်းပိုင်းပေါ်ရှိ ကွမ်းတောင်ဘူတာရုံ ဆောက်လုပ်မည့်နေရာသို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ကွမ်းတောင်ဘူတာနှင့် ပုဏ္ဏားကျွန်းလမ်းပိုင်းအတွင်း ရထားလမ်းဖြတ်သန်းမည့် လမ်းအူကြောင်း မြေနေရာ၊ ပုဏ္ဏားကျွန်းမြို့ မြို့တွင်းကားလမ်းများ တိုးချဲ့ပြုပြင်ဆောင်ရွက်နေမှုနှင့် မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှု၊ ပုဏ္ဏားကျွန်း-စစ်တွေကားလမ်း လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ဘိုကလေးမြို့ မြို့နယ်ခန်းမ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ဘိုကလေးမြို့နယ်တွင် (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံ ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် အောက်တိုဘာ ၂၅ရက် နံနက်ပိုင်းက ဘိုကလေးမြို့ မြို့နယ်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ ရောက်ရှိပြီး Diethelm ကုမ္ပဏီလီမိတက်က လှူဒါန်းသည့် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအား ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး အလှူရှင်Diethelm နှင့်DKSH (Myanmar) မှ အထွေထွေမန်နေဂျာ Mr. Prenar က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ပြုံးကြည်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ အလှူရှင်က ညွှန်ကြားရေးမှူးချုပ်ထံ ဆေးရုံနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်ပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် တိုက်နယ်ဆေးရုံသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ တိုက်နယ်ဆေးရုံကို ငွေကျပ်သိန်း၃၇၀၀ခန့် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တံတားတည်ဆောက်

ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ရွှေနတ်တောင်-ညောင်စာရေး လမ်းပေါ်ရှိ ပွဲသာသစ်သားတံတားအသစ် ပြုပြင်တည်ဆောက်ခြင်းကို အောက်တိုဘာ ၁၆ ရက်က အမှုဆောင်အရာရှိ ဦးဟန်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး မင်္ဂလာတောင်ညွန့်၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၇

မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဖွင့်လှစ်ပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရှင်သန်ခိုင်မာရေးနှင့် စာဖတ်စနစ်အသုံးပြုရေးတို့ကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၀ရက် နံနက် ၁၀နာရီက စက်ဆန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဟောပြောပွဲ ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးပွေးက စာကြည့်တိုက်ခိုင်မာရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များအား အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ဟောပြော

ထို့နောက် မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စမ်းစမ်းကျော်နှင့် ဝန်ထမ်းများက စာကြည့်တိုက်များ၏ အခန်းကဏ္ဍ တိုးတက်မှုသည် နိုင်ငံတိုးတက်မှုကိုအထောက်အကူပြုကြောင်း၊ စာဖတ်စနစ်ရှိမှ စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာမည်ဖြစ်ကြောင်းတို့ကို ဟောပြောဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တန်ဆောင်တိုင် အထူးဈေးရောင်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

CONCORDIA Int'l Co.,Ltd. မှ တန်ဆောင်တိုင် အထူးဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၂၇ ရက်မှ ၂၉ ရက်အထိ နေပြည်တော် သီရိရတနာအဆင့်မြင့်ဈေး အမှတ်(၁၄၄)၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ ဈေးရောင်းပွဲတော်တွင် Topcon အမှတ်တံဆိပ်ခေတ်မီမြေတိုင်းပစ္စည်းများ၊Garmin အမှတ်တံဆိပ် GPs များ၊ Fuji Xerox အမှတ်တံဆိပ် ကာလာမိတ္တူကူးစက်များ၊ A_3, A_4 အဖြူအမည်း လေဆာပရင်တာများ၊ ကာလာပရင်တာများ၊ ဘက်စုံသုံး Digital မိတ္တူကူးစက်များ၊ ဆေးရုံနှင့် ဆေးခန်းသုံးပစ္စည်းများဖြစ်သော အီတလီနိုင်ငံထုတ် NEBUNIZER (ရင်ကျပ်ပန်းနာရောဂါအတွက် အသက်ရှူအထောက်အကူပြုစက်)၊ ဂျာမနီနိုင်ငံထုတ် Bp Cuff (သွေးပေါင်ချိန်တိုင်း ကိရိယာ)နှင့် ECG (နှလုံးတိုင်းစက်)များကို ရောင်းချသွားမည်ဖြစ်သည်။

Topcon အမှတ်တံဆိပ် မြေတိုင်းပစ္စည်းများသည် လမ်းအူကြောင်းရှာဖွေခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကွန်တိုမြေပုံရေးဆွဲခြင်းများတွင် အချိန်၊ လူအင်အား သက်သာစွာ အသုံးပြုနိုင်ခြင်းအပြင် မီလီမီတာအဆင့်အထိ တိကျမှုရှိခြင်းတို့ကြောင့် တစ်ကမ္ဘာလုံး တွင်ကျယ်စွာသုံးစွဲလျက်ရှိသည်။

Garmin အမှတ်တံဆိပ် GPs များသည် သတ္တုရှာဖွေရေး၊ ရေနံရှာဖွေရေး၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ရေကြောင်း၊ မြေကြောင်း တိုင်းတာခြင်း၊ ငါးဖမ်းလုပ်ငန်းနှင့် ရေကြောင်းဆိုင်ရာ လုပ်ငန်းများတွင် များစွာအသုံးပြုနိုင်သည့်အပြင် မြန်မာဘာသာဖြင့် တိုက်ရိုက်အသုံးပြုထားသောကြောင့် မိမိသွားလိုသောနေရာကို စက္ကန့်ပိုင်းအတွင်း လျင်မြန်စွာဖော်ပြနိုင်ပြီး မှန်ကန်စွာ တွက်ချက်ပေးနိုင်သည်။

Fuji Xerox အမှတ်တံဆိပ် မိတ္တူကူးစက်များသည် နည်းပညာမြင့် ပစ္စည်းများဖြင့် အသုံးပြုထုတ်လုပ်ထားခြင်း၊ အရည်အသွေးမြင့် EA Toner ဆေးမှုန့် အသုံးပြုထားခြင်းတို့ကြောင့် ပရင့်ထုတ်ရာတွင် ကာလာ၊ အဖြူ၊ အမည်းပုံများကို အရည်အသွေးကောင်းမွန်စွာ ထုတ်ယူနိုင်သည်။

CONCORDIA Int'l Co.,Ltd. မှ ယခုဈေးရောင်းပွဲတော်ကာလအတွင်း ဝယ်ယူအားပေးကြသူများကို ကျေးဇူးတုံ့ပြန်သောအားဖြင့် Fuji Xerox မိတ္တူကူးစက်ဝယ်ယူသူတိုင်းအား Fuji Xerox ကာလာလေဆာပရင်တာတစ်လုံးပေးခြင်း၊ Topcon အမှတ်တံဆိပ် မြေတိုင်းပစ္စည်း ဝယ်ယူသူများအား ၁၀ရာခိုင်နှုန်းလျှော့ချပေးခြင်း၊ Garmin GPs ဝယ်ယူသူတိုင်းအားနေပြည်တော်၊ ရန်ကုန်၊ မန္တလေး အပါအဝင် မြို့ကြီး ၂၅ မြို့၏ မြေပုံကို အခမဲ့ထည့်သွင်းပေးခြင်း၊ နှလုံးတိုင်းစက်၊ ရင်ကျပ်ပန်းနာရောဂါအတွက် အသက်ရှူအထောက်အကူပြုစက်နှင့် သွေးပေါင်ချိန်တိုင်း ကိရိယာများကို ဦးစွာပထမ ဝယ်ယူသူ ငါးဦးအား ရာခိုင်နှုန်း ၃၀ လျှော့ချပေးမည်ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက ရန်ကုန် ဖုန်း-၉၅၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆၊ မန္တလေး ဖုန်း-၀၂-၃၆၄၇၈၊ ၀၉-၅၀၆-၇၁၇၂၊ ၀၂-၆၉၃၀၃၊ နေပြည်တော် ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငွေကျပ် ၂၀၀ တန်ထီဖွင့်ပွဲ နိုဝင်ဘာ ၁ရက်တွင် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

အကြိမ် (၂၅၀)မြောက် ငွေကျပ် ၂၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို နိုဝင်ဘာ ၁ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈နာရီမှ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ဆုမဲများ

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း၂၀၀ ငါးဆု၊ ငွေကျပ် သိန်း၁၀၀ ၁၃ဆု၊ ငွေကျပ် ၁၀သိန်း ၂၈၆ဆု၊ ငွေကျပ်ငါးသိန်း သုံးဆု၊ ငွေကျပ်သုံးသိန်း ၁၄၄ဆု၊ ငွေကျပ်နှစ်သိန်း ဆု၁၂၆၀၊ ငွေကျပ်တစ်သိန်း ၁၂၃၅၄ဆု အပါအဝင် ဆုမဲပေါင်း ၁၄၀၆၉ဆုဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာကြည့်တိုက်များ ရှင်သန်ရေးနှင့် စာဖတ်စနစ်ကျင့်သုံးရေး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၇

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရှင်သန်ဖွံ့ဖြိုးရေး၊ စာဖတ်စနစ်ကျင့်သုံးရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ရက် နံနက် ၁၀နာရီက (၁၆)ရပ်ကွက် ပညာတံခွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဦးစီးမှူး ဒေါ်လှလှဌေးက စာကြည့်တိုက်ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ် (၅)ရပ်နှင့် စာဖတ်စနစ်ကျင့်သုံးရေး နည်းစနစ်များကို ရှင်းလင်းဆွေးနွေးပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှကျော်က စာအုပ်အလှူခံရရှိမှုနှင့် ပရိဘောဂအလှူခံရရှိမှု အခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြသည်။

လက်ခံယူ

ထို့နောက် မြို့နယ်ဦးစီးမှူးက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်မှ လှူဒါန်းသော ၂၀၀၉ခုနှစ် မဂ္ဂဇင်းစာအုပ်များ ထပ်ဆင့်လှူဒါန်းရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လက်ခံယူပြီး **(ယာပုံ)** ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

နောက်ဆုံးရ အားကစားသတင်းအတိုအထွာ

မောင်ချစ်ကြည် စုစည်းသည်

လီဗာပူးထက် ခြေစွမ်းပိုကောင်းဟု ဟာဂူဆန်ပြောကြား

လီဗာပူးအသင်းနှင့် ကစားသည့်ပွဲ၌ မိမိတို့ ရှုံးခဲ့သော်လည်း ခြေစွမ်းမှာ ပိုမိုကောင်းမွန်ကြောင်း ဟာဂူဆန်က အောက်တိုဘာ ၂၇ရက်၌ ထုတ်ဖော်ပြောကြားသည်။

မည်သည့်အသင်းကိုမဆို အနိုင်ယူနိုင်ဟု ဘင်နီတက်ဇ်ပြောကြား

မိမိတို့အနေဖြင့် မန်ယူကို ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့ခြင်းမှာ ထင်ရှားကြောင်း၊ လီဗာပူးသည် မည်သည့်အသင်းကိုမဆို အနိုင်ယူနိုင်သည့် ခြေစွမ်းနဲ့ စိတ်ဓာတ်ပိုင်ဆိုင်ထားကြောင်း ဘင်နီတက်ဇ်က အောက်တိုဘာ ၂၇ရက်၌ ပြောကြားသည်။

မိုက်တိုင်စန် ကြိုးဝိုင်းအတွင်း ပြန်ဝင်မည်

ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံဟောင်း မိုက်တိုင်စန်က မိမိသည် လက်ဝှေ့ကြိုးဝိုင်းအတွင်း ပြန်ဝင်ရန် ပြိုင်ဘက်ကို ရွေးချယ်နေပြီဖြစ်ကြောင်း၊ မိမိသည် ထာဝရ လက်ဝှေ့သမားတစ်ဦးဖြစ်ကြောင်း အောက်တိုဘာ ၂၇ ရက်၌ ထုတ်ဖော်ပြောကြားသည်။

ဘာကာမှ အွန်နရီကို မန်စီးတီး ခေါ်ယူမည်

အာဆင်နယ် တိုက်စစ်မှူးဟောင်းနှင့် ဘာစီလိုနာ တိုက်စစ်မှူး အွန်နရီအား ခေါ်ယူစာချုပ်ရန် မန်စီးတီးက ကြိုးစားနေကြောင်း၊ ရော်ဘင်ဟိုအား အသင်းမှ ထွက်ခွာခွင့်ပြုရန် စီစဉ်နေကြောင်း မန်စီးတီးကလပ်က အောက်တိုဘာ ၂၇ရက်၌ သတင်းထုတ်ပြန်သည်။

ဂိုးအများဆုံးသွင်းရန် ခက်ခဲဟု ဒရော့ဘာ ဖွင့်ဟ

ယခုနှစ် ပရီမီယာလိဂ်ဘောလုံးရာသီ၌ ဂိုးအများဆုံး သွင်းယူနိုင်ရေးအတွက် အခက်ခဲရှိမည်ဖြစ်ကြောင်း ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာက အောက်တိုဘာ ၂၇ရက်၌ ပထမဆုံးအကြိမ် ဖွင့်ဟပြောကြားသည်။

မန်ယူဂိုးသမား ဗန်ဒါဆား ယခုနှစ်ကုန်၌ အနားယူမည်

မိမိသည် ယခုနှစ် ဘောလုံးရာသီကုန်၌ ဘောလုံးလောကမှ အနားယူမည်ဟူသော ဆုံးဖြတ်ချက်ကို ပြင်ဆင်တော့မည်မဟုတ်ကြောင်း မန်ယူဂိုးသမား ဗန်ဒါဆားက အောက်တိုဘာ ၂၇ရက်၌ ထုတ်ဖော်ပြောကြားသည်။

နစ္စတယ်ရွိုင်းသည် မိတ်ဆွေဖြစ်ကြောင်း စီရိုနယ်ဒိုပြောကြား

မိမိတို့နှစ်ဦးသည် ကစားဖော် မိတ်ဆွေများဖြစ်ပြီး ရီးရဲမက်ဒရစ်အသင်း အောင်မြင်မှုရရှိရေးအတွက် ကိုယ်စီစွမ်းဆောင်နေကြသူများဖြစ်ကြောင်း သတင်းထောက်များ၏ မေးမြန်းချက်ကို စီရိုနယ်ဒိုက အောက်တိုဘာ ၂၇ရက်၌ ဖြေကြားသည်။

ဗန်ပါစီ ဒူးဒဏ်ရာရရှိခဲ့သော်လည်း ကစားနိုင်မည်ဟုဆို

ဝက်စ်ဟမ်းကွင်း၌ အာဆင်နယ်ကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် အာဆင်နယ် တိုက်စစ်မှူး ဗန်ပါစီ ဒူးဒဏ်ရာရရှိခဲ့သော်လည်း လာမည့်ပွဲ၌ ကစားနိုင်မည်ဖြစ်ကြောင်း အာဆင်နယ်ကလပ်က အောက်တိုဘာ ၂၇ရက်၌ သတင်းထုတ်ပြန်သည်။ (အင်တာနက်)

ကလေးများ ဉာဏ်ရည်ဖွံ့ဖြိုးရေး ပုံပြောပြိုင်ပွဲ မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

ကျောင်းသား ကျောင်းသူကလေးများ ဉာဏ်ရည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုံပြောပြိုင်ပွဲကို အောက်တိုဘာ ၁၆ရက် နံနက် ၁၀နာရီက မင်္ဂလာတောင်ညွန့် အမက(၁)၌ ပြုလုပ်ခဲ့သည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးလှိုင်နှင့် ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်နှင့် ဝန်ထမ်းများ စုံညီစွာ တက်ရောက်ကြသည်။

ဆုချီးမြှင့်

အဆိုပါ ပုံပြောပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူကလေးများက (၃၈)ဖြာ မင်္ဂလာတရားတော်မှ ခေါင်းစဉ်တစ်ခုစီဖြင့် ပြိုင်ပွဲဝင်ကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ ဒုတိယတန်းမှ ကျောင်းသူ မဆုလဒ်လှိုင်အား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော် **(အပေါ်ပုံ)**က ဆုချီးမြှင့် ပေးအပ်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်များ၏
သင်တန်းများ စတင်ဖွင့်လှစ်မည့်ရက် ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တိုင်းနှင့်ပြည်နယ် အသီးသီးတွင် ဖွင့်လှစ်ထားသော ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် (ပထမနှစ် B.C.Sc./B.C.Tech.၊ ဒုတိယနှစ် B.C.Sc./B.C.Tech.၊ တတိယနှစ် B.C.Sc./B.C.Tech.၊ B.C.Sc.(Hons:)/B.C.Tech.(Hons:) သင်တန်းနှင့် M.C.Sc./M.C.Tech.) သင်တန်းများ အားလုံးကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်-

(က) ကျောင်းအပ်လက်ခံမည့်ရက် - ၂-၁၁-၂၀၀၀ရက် မှ ၁၅-၁၁-၂၀၀၉ရက်အထိ
(ခ) ကျောင်းစတင်ဖွင့်လှစ်မည့်ရက် - ၁၆-၁၁-၂၀၀၉ရက်(တနင်္လာနေ့)

၂။ သက်ဆိုင်ရာ ကွန်ပျူတာတက္ကသိုလ်များတွင် ၁၅-၁၁-၂၀၀၉ရက် နောက်ဆုံးထား၍ ကျောင်းအပ် လက်ခံမည်ဖြစ်ပါ၍ သတ်မှတ်ရက်ထက် နောက်ကျပါက ကျောင်းအပ်ခြင်းကို (လုံးဝ) လက်ခံမည် မဟုတ်ပါ။

၃။ ကျောင်းစတင်ဖွင့်လှစ်မည့် ၁၆-၁၁-၂၀၀၉ရက်မှ စတင်၍ သင်ခန်းစာများ သင်ကြားခြင်းနှင့် ကျောင်းခေါ်ချိန် ကောက်ယူခြင်းများကို တစ်ပြိုင်နက် ပြုလုပ်မည်ဖြစ်ကြောင်း ကြိုတင်သိရှိစေရန် ဖော်ပြအပ်ပါသည်။

၄။ အသေးစိတ် သိရှိလိုပါက နီးစပ်ရာ ကွန်ပျူတာ တက္ကသိုလ်များတွင် ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ချစ်ကြည်ရေးခြေစမ်းပွဲ ကိုရီးယားဒီမိုကရက်တစ်အမျိုးသမီးအသင်း အနိုင်ရ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်၊ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်

ရန်ကုန် အောက်တိုဘာ ၂၇

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနဲ့ ကိုရီးယားဒီမိုကရက်တစ် အသက်(၁၆)နှစ်အောက် အမျိုးသမီးအသင်းတို့၏ ချစ်ကြည်ရေး ခြေစမ်းပွဲ ပထမပွဲစဉ်ကို ယနေ့ ညနေ ၄နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပရာ ကိုရီးယားဒီမိုကရက်တစ် လူငယ်အသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

ကိုရီးယားဒီမိုကရက်တစ် ယူ-၁၆အသင်း - နှစ်ဂိုး။
ပဏာမမြန်မာ့လက်ရွေးစင် - တစ်ဂိုး။

အနိုင်ရခဲ့

လာမယ့် (၂၅)ကြိမ်မြောက် လာအို ဆီးဂိမ်းပြိုင်ပွဲမှာ အောင်မြင်မှုရရှိရေး ပြင်ဆင်နေတဲ့ ပဏာမမြန်မာ့ လက်ရွေးစင်အသင်းရဲ့ ပထမဦးဆုံး နိုင်ငံတကာ ခြေစမ်းပွဲပဲ ဖြစ်ပါတယ်။ အာရှဖလား ခြေစစ်ပွဲ အောင်မြင်ပြီးနောက်ပိုင်း ပထမဦးဆုံး ပြန်ကစားတဲ့ ပွဲဖြစ်သလို လေ့ကျင့်ပြင်ဆင်ချိန်ကာလလည်း ဖြစ်တာကြောင့် ပဏာမ မြန်မာ့လက်ရွေးစင်အသင်းဟာ အကောင်းဆုံးခြေစွမ်းမျိုး ထုတ်မပြနိုင်ခဲ့ပါဘူး။ အာရှ ထိပ်တန်းအသင်းတစ်သင်းဖြစ်တဲ့ ကိုရီးယားအသင်းကတော့ ကစားအားကို လိုတာထက်ပိုပြီး မသုံးခဲ့သလို ဒုတိယပိုင်းမှာသွင်းယူတဲ့ ဂိုးတွေနဲ့ပဲ အနိုင်ရခဲ့တာပါ။

ကာကွယ်နိုင်

ပဏာမ မြန်မာ့လက်ရွေးစင်အသင်းဟာ အမာခံ ကစားသမားတွေဖြစ်တဲ့ စန်းစန်းမော်၊ အေးနန္ဒာလှိုင်၊ မေခင်ယမင်း(ဂိုး)၊ သန်းသန်းထွေးတို့နဲ့ ပွဲထွက်ကစားခဲ့ပေမယ့် ကိုရီးယားလူငယ်အသင်းဘက်ကို ဖိအားပေးနိုင်ခြင်း မရှိသလို ဂိုးသွင်းခွင့်လည်း သိပ်မရခဲ့ပါဘူး။ ကိုရီးယားအသင်းကတော့ ပွဲစကတည်းက ခြေအသာနဲ့ ဖိကစားနိုင်ခဲ့ပြီး တိုက်စစ်မှာ အချိတ်အဆက် လွဲနေလို့သာ ဂိုးမရခဲ့တာ ဖြစ်ပါတယ်။ ပထမပိုင်းပြီးခါနီးမှာ နံပါတ် ၂၁ ကင်ယုမီ အပိုင်ကန်သွင်းခွင့်ရပေမယ့် မြန်မာဂိုးသမား မေခင်ယမင်း ကာကွယ်နိုင်ခဲ့ပါတယ်။

ဒုတိယပိုင်း ပြန်အစမှာတော့ ကိုရီးယားလူငယ်အသင်းဟာ ဂိုးတွေရဖို့ တိုက်စစ်အား မြှင့်ခဲ့ပါတယ်။ မြန်မာအသင်း နောက်တန်းဟာ ကိုရီးယားလူငယ်အသင်း ကစားသမားတွေကို တစ်ဦးချင်း ထိန်းချုပ်နိုင်ခြင်း မရှိတာကြောင့် ဂိုးသွင်းခွင့်တွေ ပေးခဲ့ရပါတယ်။

၄၆မိနစ်မှာ နံပါတ်-၁၁ ကင်ဆုဂျောင်က မြန်မာဂိုးသမား မေခင်ယမင်းကို လိမ်ပြီး ကန်သွင်းရာ ဘေးထွက်သွားလို့ မြန်မာအသင်း သက်သာရာရခဲ့ပေမယ့် ၄၇မိနစ်မှာ နံပါတ်-၆ ဟန်ယန်ဆွတ် ပယ်နယ်တီဧရိယာအစပ်ကနေ ကန်သွင်းပြီး ကိုရီးယားအသင်းအတွက် ပထမဂိုး သွင်းယူခဲ့ပါတယ်။

ချေပဂိုး

ဂိုးရပြီးနောက်ပိုင်းမှာ ကိုရီးယားလူငယ်အသင်းက ဆက်တိုက်ဖိကစားသွားပြီး ၅၁မိနစ်မှာ နံပါတ်-၁၁ ကင်ဆုဂျောင်က ဒုတိယဂိုး ထပ်မံ သွင်းယူသွားပါတယ်။ ငါးမိနစ်အတွင်း နှစ်ဂိုးပေးလိုက်ရလို့ မြန်မာအသင်း ကစားကွက် ပြန်တည်ပြီး ချေပဂိုးရဖို့ ကြိုးစားခဲ့ပါတယ်။ ၅၅မိနစ်မှာ မြန်မာအသင်း ချေပဂိုး ပြန်ရခဲ့ပြီး တိုက်စစ်မှူး ခင်မာလာထွန်းက သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ဒီနေ့ပွဲ ကစားပုံအရ ပဏာမမြန်မာ့လက်ရွေးစင်အသင်းဟာ လာမယ့် ဆီးဂိမ်းပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ ယခုပွဲက အားနည်းချက်တွေကို ပြုပြင်ပြီး လိုအပ်ချက်တွေ ဖြည့်ဆည်းသွားရပါလိမ့်မယ်။

ချစ်ကြည်ရေး ခြေစမ်းပွဲ ဒုတိယပွဲစဉ်ကို အောက်တိုဘာ ၃၀ရက် ညနေ ၄နာရီမှာ သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။ ။

ပဏာမ မြန်မာ့လက်ရွေးစင်အသင်း တိုက်စစ်မှူး ခင်မာလာထွန်းနှင့် ကိုရီးယားအသင်း နောက်ခံလူတို့ ဤသို့ အကြိတ်အနယ်။
(မြန်မာ့အလင်း)

ယနေ့ပွဲ

ညနေ ၄နာရီ (သုဝဏ္ဏကွင်း)
MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ
ဧယျာရွှေမြေ-ကမ္ဘောဇ

(မြန်မာ့အလင်း)

Air Bagan Open Golf Championships
ဂေါက်သီးရိုက်ပြိုင်ပွဲ ပြင်ဦးလွင်တွင်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGA တို့က ကြီးမှူး၍ Air Bagan Ltd. မှ အဓိက ကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2009-2010) ၏ တတိယပွဲစဉ်အဖြစ် Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်တိုဘာ ၂၉ရက်မှ နိုဝင်ဘာ ၁ရက်အထိ မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ပြင်ဦးလွင် ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် Professional အဆင့်နှင့် အပျော်တမ်းအဆင့် (Handicap 0-12) အဆင့်ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။ ပြိုင်ပွဲကို စိန့်အင်ဒရူး ဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် (Hole-In-One) ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။

စာရင်းသွင်းနိုင်

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် အောက်တိုဘာ ၂၇ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ ဖုန်း- ၀၉-၅၀-၁၇၀၄၉၊ ၀၉-၂၀-၃၇၆၇၁ နှင့် ပြင်ဦးလွင် ဂေါက်ကလပ်တို့၌ အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် Air Bagan Ltd. က အဓိကပံ့ပိုးကူညီပြီး Co-sponsors များအဖြစ် International Beverages Trading Co., Ltd., (IBTC), KBZ Bank Ltd., Hotel Yangon, KM Golf Centre, HAN Golf Masters Pte., Ltd., Myanmar Thiha Trading Co., Ltd., Bay of Bengal Resort (BOB), (INAX,T-Home), CEPSA Lubricantes, ACCEL International Co., Ltd. (Canon), Imperial Jade Purified Drinking Water, Lifeline Co., Ltd., GP Watch နှင့် Pyin Oo Lwin Golf Club တို့က ထပ်မံ ပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။

(ဂေါက်သီးအဖွဲ့ချုပ်)

အောက်တိုဘာ ၂၅ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကြက်ဘဲဈေး ဇီဝလုံခြုံရေးအတွက် ဈေးများဌာန၏ ကြီးကြပ်မှု၊ အသားတိုးကြက်မွေးမြူထုတ်လုပ် ရောင်းချသူများအသင်း၏ ကူညီပံ့ပိုးမှုများဖြင့် နေ့စဉ် ကြက်ကားများ အဝင်အထွက်တွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၄ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိပြီး နှစ်ပတ်တစ်ကြိမ် ဈေးနေ့ဝက်ပိတ်၍ ကြက်ခြင်းများ သန့်ရှင်းရေးအတွက် ရေပန်းများဖြင့် ဆေးကြောခြင်းနှင့် ဆေးဖျန်းခြင်းများကို ဈေးတာဝန်ခံ၏ ကြီးကြပ်မှုဖြင့် ဈေးသာယာရေးအဖွဲ့က ဆောင်ရွက်ကြစဉ်။ (၁၇၂)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် အောက်တိုဘာ ၂၇

အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းက Royal Mingalardon Golf & Country Club၌ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ(လေ/ငြိမ်း)သည် အကွာအဝေး ၁၅၇ ကိုက်ရှိသော ကျင်းအမှတ်(၁၂) ယာယီကျင်း အမှတ်(၈) Par -3 သို့ Callaway Iron နံပတ်(၇)ဖြင့် Tour Special No.1 ဘောလုံးကို ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသည့် ဦးဇေသီဟ၊ ဦးသိန်းသန်းတိုး၊ ဦးအေးမင်းသောင်း၊ ဦးရွှေမင်းလှိုင်တို့လည်း အတူကစားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

28-10 (12).pmd 1 10/27/2009, 1:57 PM

အလုံ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင် စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် အောက်တိုဘာ ၁၉ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ အလုံ LPG ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်သို့သွားရောက်၍ တာဝန်ရှိသူများအားတွေ့ဆုံပြီး LPG ရေနံဓာတ်ငွေ့ရည်ရောင်းချပေးရာ၌ သတ်မှတ်ထားသော အရည်အသွေးနှင့် အလေးချိန်အတိုင်း အပြည့်အဝ စနစ်တကျထုတ်ပေးရေး၊ မီးဘေးအန္တရာယ်ဂရုပြုရေး၊ ပြည်သူများနှင့် ပြေပြစ်စွာဆက်ဆံရေးတို့ကို မှာကြားကာ ရေနံဓာတ်ငွေ့ရည် ထုတ်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ရေနံဓာတ်ငွေ့ရည် လာရောက်ထုတ်ယူကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း **(အပေါ်ပုံ)** သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းဌေးနှင့် ဝန်ထမ်းများ မြို့နယ်အတွင်း ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရန်ပုံငွေရရှိရေး၊ စာငှားစနစ်ကျင့်သုံးရေး၊ စံ(၅)ချက်နှင့် ပြည့်စုံရေး ဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ရက်က ဘုရားကြီး ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ရှင်းလင်းဆွေးနွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်၌ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးပစ္စည်းများလွှဲပြောင်းပေးအပ်

ပြင်ဦးလွင် အောက်တိုဘာ ၂၇

ကိုရီးယား-မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ်အရ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်ရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် KOICA Project မှ ကူညီပံ့ပိုးသောပစ္စည်းများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒိုးကွင်စိုက်ပျိုးရေးသို့ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၈ရက် နံနက် ၁၀နာရီက ပြင်ဦးလွင်မြို့နယ် ဒိုးကွင်စိုက်ပျိုးရေးခြံ၌ ကျင်းပသည်။ (အောက်ပုံ)

အခမ်းအနားသို့ ကိုရီးယားနိုင်ငံ သံရုံးအတွင်းဝန် Mr. Ei Jong Guan၊ KOICA Myanmar ဌာနေကိုယ်စားလှယ် Miss. Kin Jin Hwa၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးပညာပေးရေးဌာန အထွေထွေမန်နေဂျာ ဦးလှကြီး၊ တိုင်းမန်နေဂျာ ဦးကျော်သိန်း၊ ဒိုးကွင်စိုက်ပျိုးရေးခြံမန်နေဂျာ ဦးတင့်လွင်၊ KOICA Project မှ စေတနာ့ဝန်ထမ်း Mr. Lee Sang Yoon(ခ)ဦးစိုင်းထက်နှင့် အထူးဖိတ်ကြားထားသော ဌာနဆိုင်ရာ ဧည့်သည်များ တက်ရောက်ကြသည်။

ကူညီ

အခမ်းအနားတွင်KOICA Project မှ ဌာနေကိုယ်စားလှယ် Miss. Kin Jin Hwa က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ ကူညီပံ့ပိုးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အထွေထွေမန်နေဂျာ ဦးလှကြီးက ကျေးဇူးတင်စကားပြောကြားပြီး စေတနာ့ဝန်ထမ်း Mr. Lee Sang Yoon (ခ) ဦးစိုင်းထက်က စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကိုရီးယားနိုင်ငံ KOICA Project မှ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒိုးကွင်စိုက်ပျိုးရေးခြံသို့ Green House တစ်လုံး၊ Glass House တစ်လုံး၊ ကွန်ပျူတာပစ္စည်းစုံ နှစ်လုံး၊ လက်တွန်းလယ်ထွန်စက်နှစ်စီးနှင့် မိုးလေဝသတိုင်းတာရေး ပစ္စည်းတစ်စုံတို့ကို ကူညီပံ့ပိုးပေးသည်။

(ခရိုင် ပြန်/ဆက်)

ငါးမျိုးပြန့်ပွားရေး တောင်တွင်းကြီး၌ ငါးမျိုးစိုက်ထည့်

တောင်တွင်းကြီး အောက်တိုဘာ ၂၇

ငါးမျိုးပြန့်ပွားရန်နှင့် ငါးထုတ်လုပ်မှုတိုးတက်စေရေး၊ ကျေးလက်နေတောင်သူများနှင့် ဒေသခံပြည်သူများ ငါးစားသုံးမှု တိုးတက်လာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ပြီး တောင်တွင်းကြီးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ တောင်တွင်းကြီးမြို့နယ် တရုတ်ကောအုပ်စု သဖန်းကုန်းကျေးရွာရှိ စပါးခင်း ဧက ၁၅၀အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို အောက်တိုဘာ ၁၂ရက် နံနက် ၈နာရီက ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးထွန်းထွန်းဦး၊ တောင်တွင်းကြီး ငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်အေးအေးမော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အုပ်စုဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့်အဖွဲ့ဝင်များ၊ တောင်သူဦးကြီးများ စုံညီစွာတက်ရောက်ကြပြီး ထိုင်းငါးခုံးမ ကောင်ရေ ၄၀၀၀၀၊ တီလားပီးယား ကောင်ရေ၃၅၀၀၀ တို့ကို ငါးမျိုးစိုက်ထည့်ပေးကြသည်။

(ယာပုံ) (မြို့နယ် ပြန်/ဆက်)

အက်ပ်ဆွန် ပရင်တာအမျိုးအစားအသစ်များ မြန်မာ့အိုင်တီပြပွဲ ၂၀၀၉တွင် ခင်းကျင်းပြသခဲ့

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသခဲ့သည့် မြန်မာ့အိုင်တီပြပွဲ ၂၀၀၉တွင် Epson က အသစ်ထုတ်လုပ်ထားသော အင့်ဂျက်ပရင်တာများဖြစ်ကြသည့် Epson Stylus™ TX 111, Epson Stylus™ TX 210, Epson Stylus™ TX 550W, Epson Stylus™ Photo T60 နှင့် Epson Stylus™ Photo TX 700W နှင့် ပရင်တာများအကြောင်းကို ပြသခဲ့သည်။ **(အောက်ယာပုံ)**

Epson ပရင်တာများတွင် အိမ်သုံးနှင့် စီးပွားရေးလုပ်ငန်းငယ်များ၌ အသုံးပြုနိုင်ရန်အတွက် ပရင်တာမော်ဒယ်သုံးမျိုးနှင့် ဓာတ်ပုံလုပ်ငန်းအတွက် ပရင်တာ မော်ဒယ် နှစ်မျိုးတို့ပါဝင်သည်။ အိမ်သုံးပရင်တာများအနက် Epson Stylus™ TX 111 သည် အသုံးပြုသူများအတွက် အချိန်သက်သာစေသည့် ပရင်တာဖြစ်သည်။ တစ်မိနစ်လျှင် စာမျက်နှာ၃၀အထိ ပုံနှိပ်ပေးနိုင်သည်။ Epson Stylus™ TX 210 မှာ ကုန်ကျစရိတ်သက်သာစေရန် ရည်ရွယ်၍ ထုတ်လုပ်ထားသည်။ ပရင်တာတစ်လုံးတည်းဖြင့် ပုံနှိပ်ခြင်း၊ ကော်ပီကူးခြင်း၊ စကင်ဖတ်ခြင်း စသည့်လုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးနိုင်သည်။ Epson Stylus™ TX 550W သည် အမျိုးအစားအတိုင်း ဆောင်ရွက်ပေးသည့်အပြင် ကြိုးမဲ့ချိတ်ဆက်မှု (Wireless Networking) စနစ်ကို အသုံးပြုနိုင်သည့် စွမ်းဆောင်ရည်ရှိသည်။

ထုတ်လုပ်

စီးပွားရေးလုပ်ငန်းနှင့် ဓာတ်ပုံလုပ်ငန်းသုံးအတွက် ပရင်တာနှစ်မျိုးဖြစ်သော Epson Stylus™ Photo T 60 နှင့် Epson Stylus™ Photo TX 700W တို့သည် ဓာတ်ပုံပရင်တာအနေဖြင့် ထုတ်လုပ်ထားသည်။ ပရင်တာနှစ်မျိုးစလုံးတွင် မင်အရောင်ခြောက်မျိုးကို အသုံးပြုနိုင်သဖြင့် အရောင်အမျိုးမျိုးကို ကွဲပြားစွာ အသုံးပြုနိုင်သည်။ Photo TX 700W အမျိုးအစားတွင် Pict-bridge function နည်းပညာကို အသုံးပြုသဖြင့် ဒီဂျစ်တယ်ကင်မရာမှ ဓာတ်ပုံများ၊ တယ်လီဖုန်းမှ ရိုက်ထားသော ဓာတ်ပုံများကို ကြိုးဖြင့်ချိတ်ဆက်စရာမလိုဘဲ တိုက်ရိုက်ပုံနှိပ်ထုတ်ယူနိုင်သည့်အပြင် စီဒီနှင့် ဒီဗွီဒီများအပေါ်သို့လည်း ဓာတ်ပုံများကို တိုက်ရိုက်ကူးယူနိုင်သည်။

စုံစမ်းနိုင်

ယင်းပြပွဲတွင် ပြသခဲ့သော ပရင်တာနှင့် မင်များကို မြန်မာတစ်နိုင်ငံလုံးရှိ ကွန်ပျူတာအရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပြီး မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သော Client Focus Technology Co., Ltd. ဖုန်း-၂၁၅၂၄၇၊ ၀၉-၈၆-၁၀၈၆၈ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်ကွင်းဆင်း၍ မူးယစ်ဟူကရောင်ကြဉ်ကြနံရံကပ်စာစောင်ပြသခြင်းနှင့် ဟောပြောပွဲကို အောက်တိုဘာ ၁၉ရက်က အမှတ်(၁) ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းအေးက ဟောပြောပြီး စံ(၅)ချက်နှင့်ပြည့်စုံသည့် ခိုင်မာစာကြည့်တိုက် ဖြစ်ပေါ်လာရေး ဆွေးနွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုးကောင်းမြို့ အမက(၂) ပညာရည်ချွန်ဆုချီးမြှင့်

မိုးကောင်း အောက်တိုဘာ ၂၇

ကချင်ပြည်နယ် မိုးကောင်းမြို့ နောင်ကိုင်တော်ရပ်ကွက် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၂၉ရက်က အဆိုပါကျောင်း၌ ကျင်းပရာ လက်ထောက်မြို့နယ်ပညာရေးမှူးဦးဝင်းလတ်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးရွှေနှင့် ကျောင်းအုပ်ဆရာကြီးဦးအောင်ချင်းတို့က အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(၀၀၁)



ပင်လုံမြို့စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ထားရှိသော ပင်လုံမြို့ လဲချားမြို့အဝင် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို အောက်တိုဘာ ၁၀ရက်က တာဝန်ခံဦးစီးအရာရှိ ဦးသောင်းထွန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မှုခင်းကျဆင်းရေး ပညာပေးဟောပြော

မန္တလေး အောက်တိုဘာ ၁၂

မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၂၄ရက် နံနက်က မုန့်တိုင်းဇရပ်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမင်းဟန်က ပြစ်မှုဆိုင်ရာဥပဒေရေးရာအကြောင်း သိကောင်းစရာများနှင့် စခန်းမှူးမြင့်စိုးက ရာဇဝတ်မှုများ၊ မှုခင်းဖြစ်ပွားစေနိုင်သော ဖြစ်စဉ်များ၊ မှုခင်းကျဆင်းရေးအတွက် ပန်းချီကားချပ်နှင့် ရုပ်ပုံများဖြင့် ပညာပေးဟောပြောသည်။

ကြည့်ရှု

ထို့နောက် မုန့်တိုင်းဇရပ်အတွင်း ပြသထားသော မှုခင်းနှင့် ပတ်သက်သည့် သတင်းဓာတ်ပုံများ၊ သတင်းများ၊ ဆောင်းပါးများကို မြို့နယ်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ကြည့်ရှုကြသည်။

(၀၉၀)

မော်လမြိုင်ကျွန်းမြို့နယ် ဒေါင်းရေကျော်ကျေးရွာတွင် သုတဖြိုးဝေ ကျေးလက်စာကြည့်တိုက် ပန္နက်တင်

မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၃

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ဒေါင်းရေကျော် မြင်းကကုန်းကျေးရွာအုပ်စု ဒေါင်းရေကျော်ကျေးရွာတွင် နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောက်လုပ်မည့် သုတဖြိုးဝေ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၁၈ရက် နံနက် ၈နာရီက စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

ပန္နက်တင်

ယင်းပန္နက်တင်မင်္ဂလာအခမ်းအနားတွင် မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှကြည်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်သီတာအောင်တို့က ပန္နက်တင်ပေးကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထို့နောက် စာကြည့်တိုက်လုပ်ငန်းများအောင်မြင်ရှင်သန်ရေး ဆွေးနွေးပွဲကို ဒေါင်းရေကျော်ကျေးရွာ ကလေးပျော်ကျောင်းတွင် နံနက် ၉နာရီက ဆက်လက်ကျင်းပရာ ဒေါင်းရေကျော်ကျေးရွာနှင့် အနီးကျေးရွာများမှ ပြည်သူ ၂၀၀ကျော် တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အထက်မင်းလှ၌ သွေးလွန်တုပ်ကွေး ကာကွယ်ရေးဆောင်ရွက်

အထက်မင်းလှ အောက်တိုဘာ ၁၈

အထက်မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ ဌာနဆိုင်ရာအမှုထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် အခြားလူမှုရေးအဖွဲ့ဝင်များစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားစေတတ်သော ခြင်နှိမ်နင်းခြင်း၊ ခြင်ဖြစ်ပေါ်စေတတ်သော ပိုးလောက်လမ်း နှိမ်နင်းရေးများကို သောကြာနေ့တိုင်း ရပ်ကွက်တိုင်းနှင့် အိမ်တိုင်းသို့ ကွင်းဆင်းဆောင်ရွက်ကြသည်။ ***(၀၇၆)***

ခြင်ဆေးဖျန်း

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာန ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့တို့ ပူးပေါင်း၍ အဖွဲ့ပိုင်ဈေးများတွင် ခြင်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများ မဖြစ်ပွားစေရန်အတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၆ရက်က ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လူတုပ်ကွေး ကပ်ရောဂါကာကွယ်ရေး ကျိုက်ထို၌ အသိပညာပေး ဆွေးနွေး

ကျိုက်ထို အောက်တိုဘာ ၁၅

ကျိုက်ထိုမြို့နယ် ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေးစီမံကိန်းက ကြီးမှူးကျင်းပသည့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို အဆိုပါရုံးခန်းမ၌ အောက်တိုဘာ ၆ရက် နံနက် ၉နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေးစီမံကိန်း ပြည်နယ်တာဝန်ခံ ဦးခင်ဝင်းက ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို လည်းကောင်း၊ မြို့နယ် လက်ထောက်ဆရာဝန် ဒေါက်တာ ကျော်စိုးမင်းက ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါအကြောင်းနှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဦးဝင်းဦးက တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း၊ ကျိုက်ထိုမြို့နယ် ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေးစီမံကိန်းမှ ဒေါ်ခင်စောမူက ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ရေးဆိုင်ရာ သင်တန်းအတွေ့အကြုံကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ပညာပေး

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာများမှ တာဝန်ရှိသူများအား ပညာပေးဓာတ်လမ်းများပြသခြင်းနှင့် ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဂန္ဓမာမြိုင် တြိဂံတွင် ပန်းအလှပင်များ စိုက်ပျိုးရန် အောက်တိုဘာ ၅ရက်က စက်ယန္တရားဖြင့် မြေပြုပြင်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ရေဦး-ညောင်လှဖြတ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအတွက် ကျောက်များ စုပုံထားမှု အခြေအနေကို တာဝန်ခံအင်ဂျင်နီယာ ဦးဝေလင်းရှိန်နှင့် အမှုဆောင်အရာရှိ ဦးတိုးကြည်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး သဲကုန်း၌ ငွေပဒေသာပင်များစိုက်ထူ

သဲကုန်း အောက်တိုဘာ ၂၃

သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စံ(၅)ချက်ပြည့်မီရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ခိုင်မာသည့်စာငှားစနစ်တို့ဖြင့် ငှားရမ်းနိုင်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲကို အောက်တိုဘာ ၁၅ရက် နံနက် ၁၀နာရီက သဲကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းတို့က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး၊ စံ(၅)ချက်နှင့်အညီ စာကြည့်တိုက်များ ဖြစ်ပေါ်လာရေး၊ စာငှားစနစ်ကျင့်သုံးရေးတို့ကို ရှင်းလင်းဆွေးနွေးဟောပြောသည်။

လက်ခံ

ထို့နောက် စာကြည့်တိုက် ငွေပဒေသာပင်အတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များကိုယ်စား ငွေကျပ် ၁၃၀၀၀၀ကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်ကလှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းက လည်းကောင်း**(ဝဲပုံ)**၊ အလှူရှင်များကိုယ်စား မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီဝင်းက စာအုပ်၊ စာစောင်များ လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌများကိုယ်စား ဦးသောင်းတင်က လည်းကောင်း လက်ခံယူသည်။ ဆက်လက်ပြီး အလှူခံငွေသတ္တာပုံးနှင့် ဂုဏ်ပြုမှတ်တမ်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်းမြှင့်တင်ရေး အသိပညာပေးဆွေးနွေးပွဲ ပေါင်းတည်တွင်ကျင်းပ

ပေါင်းတည် အောက်တိုဘာ ၂၂

မြို့နယ်အဆင့် ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်းမြှင့်တင်ရေး အသိပညာပေးဆွေးနွေးပွဲနှင့် ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၉ရက် နံနက် ၉နာရီက ပေါင်းတည်မြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးတင်ပြ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလွင်က အမှာစကားပြောကြားပြီး **(ဝဲပုံ)** နေပြည်တော်ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေး ကျန်းမာရေးဌာနစိတ်မှ ကွင်းဆင်းအရာရှိ ဒေါက်တာခင်မိုးသွယ်က လက်ရှိအခြေအနေ သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ပေါ်ထွန်းက ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်းမြှင့်တင်ရေးကို ဆွေးနွေးတင်ပြသည်။ **(၀၆၁)**



ကွယ်လွန်သူဟာဂျီဦးမျိုးနိုင်၏ ကျန်ရှိသည့်ပစ္စည်းများနှင့်စပ်လျဉ်း၍
အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်/ထက်ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်၃၅၂/၃၅၄နေ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ငွေငွေမြင့် ၁၂/တမန(နိုင်)၀၇၄၀၂၈၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

၂၈-၉-၂၀၀၉ရက်တွင် ဟာဂျီဦးမျိုးနိုင် ကွယ်လွန်သွားသောအခါ ဟာဂျီဦးမျိုးနိုင်၏မိခင်အရင်း ဒေါ်စဖီယာဘီနှင့် ဟာဂျီဦးမျိုးနိုင်၏ဖခင် ဟာဂျီဦးခင်မောင်(ခ)ဦးအလီအာမက်၏နောက်အိမ်ထောင်မှသားသမီးခုနစ်ဦးတို့သည် အမွေစား၊ အမွေခံများအဖြစ် ကျန်ရှိခဲ့ပါသည်။ (၁)ဒေါ်သန်းသန်းအေး၊ (၂)ဦးမြင့်အောင်၊ (၃)ဦးအုန်းမြင့်၊ (၄)ဒေါ်သန်းသန်းငွေ၊ (၅)ဒေါ်ဝင်းဝင်းမော်၊ (၆)ဒေါ်ငွေငွေမြင့်၊ (၇)ဒေါ်မြတ်မြတ်မော် စသည်တို့ဖြစ်ပါသည်။

ဟာဂျီဦးမျိုးနိုင်ကွယ်လွန်သောအခါ အောက်ဖော်ပြပါပစ္စည်းများ ကျန်ရှိခဲ့ပါသည်။

၁။ မော်လမြိုင်၊ မြိုင်သာယာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၃၁၅ အိမ်နှင့်မြေ။
၂။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်း(၉၀)ရှိ အမှတ်(၅၁)၊ (သုံးလွှာ) (B)ရှိ နေအိမ်တိုက်ခန်းတစ်ခန်း။
၃။ မော်လမြိုင်မြို့၊ မွန်ပြည်နယ် အားကစားဝင်းအနီးရှိ ဈေးဆိုင်ခန်း ၂၃ခန်း။
၄။ မော်လမြိုင်မြို့၊ အမှတ်(၁)ပြည်သူ့ဈေးရှိ ဆိုင်ခန်းအမှတ် T-၂၉ ဆိုင်ခန်း တစ်ခန်း။
၅။ မော်လမြိုင်မြို့၊ ကမ္ဘောဇဘဏ်ခွဲ၌ ငွေစုဘဏ်စာအုပ်ဖြင့် အပ်နှံထားသော ငွေကျပ် ၃၇၀၀၀၀၀၀(ကျပ်သိန်းသုံးရာခုနစ်ဆယ်တိတိ)။
၆။ ဟာဂျီဦးမျိုးနိုင်မှ ရရန်ရှိသော အုတ်ဖိုးငွေများ။
၇။ မော်တော်ဆိုင်ကယ်အမှတ်-မလမ/၉၀၂၆၆တစ်စီး။
၈။ လက်ကိုင်ဖုန်း ၀၉-၅၁-၂၅၁၈၄။
၉။ ထပ်မံပေါ်ပေါက်လာမည့် ပစ္စည်းအရပ်ရပ်အားလုံး စသည်တို့ဖြစ်ပါသည်။

အထက်ဖော်ပြပါ အမွေဆိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေဆိုင်တစ်ဦးဖြစ်သူ ကျွန်ုပ်၏အမှုသည် ဒေါ်ငွေငွေမြင့်၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဒေါ်ငွေငွေမြင့်၏ လွှဲအပ်ချက်အရ-

ဦးခင်မောင်ကြီး (LL.B)
တရားရုံးချုပ်ရှေ့နေ(စဉ်-၃၂၈၉)
အမှတ်(၇၀၆)၊ ခြောက်လွှာ(ယာ)၊ ကမ္ဘဋ္ဌာန်းလမ်း၊
မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀-၉၅၉၇၆။

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်ုပ်အမှုသည် မောင်လင်းသူ(ဘ)ဦးအေးသန်း ၁၂/သလန(နိုင်)၀၉၄၁၆၄သည် မနှင်းနှင်းအေး ၉/သပက(နိုင်)၀၉၈၇၅၄ အား ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

မောင်လင်းသူ၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစောဝင်း (ဥပဒေဘွဲ့)
တရားရုံးချုပ်ရှေ့နေ
(လိုင်စင်-၄၉၆၁)
အမှတ် ၄၊ ဦးထွန်းစိန်လမ်း၊
အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
မြေပဒေသာဥယျာဉ် (ပညာပေးဇုန်)တွင်
အခြေခံစိုက်ပျိုးနည်းပညာပေး
ရက်တိုသင်တန်းများဖွင့်လှစ်မည်

၁။ **ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်း**	-	၃-၁၁-၂၀၀၉ ရက်မှ ၅-၁၁-၂၀၀၉ ရက်အထိ
၂။ **ပန်းမန်စိုက်ပျိုးနည်း**	-	၁၇-၁၁-၂၀၀၉ ရက်မှ ၁၉-၁၁-၂၀၀၉ ရက်အထိ
၃။ **ပိုးသတ်ဆေးကိုင်တွယ်အသုံးပြုနည်း**	-	၂၄-၁၁-၂၀၀၉ ရက်မှ ၂၆-၁၁-၂၀၀၉ ရက်အထိ

ဆက်သွယ်ရန်- ခြံမန်နေဂျာရုံး၊ မြေပဒေသာဥယျာဉ်၊
ဖုန်း-၅၄၉၇၃၀။

ပါဝင်လှူဒါန်းနိုင်ကြပါသည်
လေးကျွန်းမမ္ဘစကြာရှင်စေတီတော်မြတ်ကြီး
မှော်ဘီသဲအင်းဂူတွင် ပြန်လည်မွမ်းမံတည်ထားမည်

ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏ ထားရစ်ခဲ့သော ဆန္ဒတော်နှင့်အညီ သဲအင်းဂူကျောင်းတိုက်တွင် တည်ထားကိုးကွယ်လျက်ရှိသော လက်ရှိ ဉာဏ်တော်အမြင့် ၅၄ ပေရှိ လေးကျွန်းမမ္ဘစကြာရှင် စေတီတော်မြတ်ကြီးအား ဉာဏ်တော်အမြင့် ၁၁၄ပေသို့ တိုးမြှင့်၍ ပြန်လည်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၀ပြည့်နှစ် ဇန်နဝါရီလတွင် စတင်မည်ဖြစ်ရာ အောက်ပါဖုန်းနံပါတ်များနှင့် လိပ်စာများသို့ ဆက်သွယ်၍ ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဥပဋ္ဌာကအဖွဲ့
သဲအင်းဂူကျောင်း၊ မှော်ဘီ၊
ဖုန်း-၆၂၀၀၁၉၊ ၀၉-၅၀၃-၈၅၂၆၊
အင်တာနက်- www.Theinngu. org
e- mail-Theinngu@gmail.com.



ခွေးရောင်းမည်

မျိုးကောင်းမျိုးသန့် Alsation, Golden Retriever ရှစ်လသား အမနှင့် သားခွဲများ၊ Rottweiler သုံးလအထီး။

ဖုန်း-၀၉-၄၅၅-၈၆၆၁၁။



မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် လက်တွန်းလယ်ထွန်စက် သရုပ်ပြပွဲကျင်းပ
ဆင်းသွယ်လတ်စပါး တစ်ဧကဝ၆တင်းထွက်ရှိ

သံတွဲ အောက်တိုဘာ ၂၅

သံတွဲမြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် လယ်ယာ(၂၂) လက်တွန်းလယ်ထွန်စက်သရုပ်ပြပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ရက် နံနက်ပိုင်းက လင်းမူတောင်ကျေးရွာရှိ တောင်သူဦးမောင်မောင်စိုး၏ မြေပဲစိုက်ခင်းနှင့် လယ်ယာမြေ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ၊ ဂွတ်(ဒ်)ဘရားသားကုမ္ပဏီမှတာဝန်ရှိသူများနှင့် တောင်သူများတက်ရောက်ကြသည်။

တစ်ဧက ၁၀၆ တင်းထွက်

*ရှေးဦးစွာ ဂွတ်(ဒ်)ဘရားသားကုမ္ပဏီမှ လက်တွန်းလယ်ထွန်စက်ဖြင့် ဆောင်းသီးနှံစိုက်ပျိုးရေးအတွက် ထွန်ယက်မှုကို လက်တွေ့သရုပ်ပြ ထွန်ယက်ပြသပြီး တောင်သူများနှင့် ရှင်းလင်းဆွေးနွေးပွဲ ကျင်းပသည်။ **(အောက်ပုံ)***

ဆက်လက်၍ မိုးစပါးစံကွက် ရိတ်သိမ်းပွဲကျင်းပရာ ဆင်းသွယ်လတ်စပါး တစ်ဧက ၁၀၆ တင်းထွက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော လိန်ပင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို စက်တင်ဘာ ၁၅ရက်က အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်သီဂီအေး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

သီပေါ အောက်တိုဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်း မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ၁၉ရက် နံနက်၁၀နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းဦး၊ ဒုတိယမြို့နယ်တရားသူကြီး ဦးရဲကိုကိုနှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်လှလှဝင်းတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှောင်ရန်၊ ဆောင်ရန် မူခင်းဖြစ်ရပ်များနှင့် လိုက်နာကျင့်သုံးရမည့် ဥပဒေပုဒ်မများ၊ အရေးယူဆောင်ရွက်ရမှု အခြေအနေများနှင့် မြို့နယ်အတွင်း မူခင်းကျဆင်းရေး ဆောင်ရွက်မှုတို့ကို အသိပညာပေး ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်တော်ယာဉ်များ ကွင်းဆင်းစစ်ဆေး

ဧရာဝတီတိုင်း ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များတွင် ဖျာပုံခရိုင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ကိုကိုဟိန်း၊ မအူပင်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရှေးရယ်နှင့်အဖွဲ့ အောက်တိုဘာ ၁၇ရက်က ဒေးဒရဲမြို့ပေါ်ရှိ မော်တော်ယာဉ်ကိစ္စရပ်များကို ကွင်းဆင်း စစ်ဆေးစဉ်။

(၁၅၅)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်အား တွေ့ဆုံနှုတ်ဆက်

နှစ်နိုင်ငံချစ်ကြည်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနည်းပညာကဏ္ဍပေါင်းစုံတိုးမြှင့်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို နှစ်နိုင်ငံအကြား နားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့

နေပြည်တော် အောက်တိုဘာ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် အောက်တိုဘာ ၂၄ရက် ညနေ ၅နာရီ ၁၀ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်အား ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ရှိ Napalai Ballroom (A)၌ တွေ့ဆုံနှုတ်ဆက်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့ ထိုင်းနိုင်ငံ ဟွာဟင်းမြို့ **Dusit Thani Hotel** ရှိ **Napalai Ballroom (A)**၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)